# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (16-1-2006) (၄၈၄၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများ၊ ဝန်ကြီးများ အောက်ခြေအထိ မပြတ်ကွင်းဆင်းထိတွေ့၍ နိုင်ငံပွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်လျက်ရှိ ပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မားလာမှုများကို တွေ့ကြုံခံစားနေကြရပြီ နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုများ အခြေခိုင်မာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု ထိရောက်စွာ အကောင်အထည်ဖော်လာနိုင်

ရန်ကုန်  ဇန်နဝါရီ  ၁၅

**တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။**

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းတွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (အပေါ်ပုံ)နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဝဲပုံ) (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၆-၁-၂၀၀၆
(တနင်္လာနေ့)

# ပြည်တွင်းစားသုံးဆီဖူလုံရေးကြိုးပမ်း ဆီအုန်း တိုးချဲ့စိုက်ပျိုးရေး အားထုတ်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ဒေသအလိုက် ဖြန့်ကြက်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ရေ မြေ သဘာဝ သယံဇာတပေါများ ကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုများ မြင့်မားလာလျက်ရှိသည်။ စပါးနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် စားနပ်ရိက္ခာဖူလုံ ပိုလျှံလာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

တနင်္သာရီတိုင်းကဲ့သို့ မြေလွတ်မြေရိုင်းများစွာရှိပြီး စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် အလားအလာကောင်းများရှိသည့် ဒေသတွင် ရေမြေရာသီဥတုနှင့်ကိုက်ညီ ဖြစ်ထွန်းသောသီးနှံများ ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီလ ၁၂ ရက်နေ့က တနင်္သာရီတိုင်း ကော့သောင်းမြို့သို့သွားရောက်ပြီး ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခရီးစဉ်အတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်ကို နားလည်သိရှိပြီး တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးတို့အတွက် စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဆီအုန်းဧက ငါးသိန်းကို စောနိုင်သမျှစောစွာ စိုက်ပျိုးပြီးစီးရေး အားထုတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း** မှာကြားသွားသည်။

မြန်မာနိုင်ငံတွင် ယခင်က လူဦးရေနည်းပါးသဖြင့် မကွေးတိုင်းမှ အများဆုံးထွက်ရှိသည့် စားသုံးဆီများဖြင့် လုံလောက်မှုရှိခဲ့သည်။ ယခုအခါ နိုင်ငံအတွင်း တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးတက်များပြားလာသဖြင့် စားသုံးဆီ လိုအပ်ချက်ရှိလာပြီး ပြည်ပမှ စားအုန်းဆီကိုပင် တင်သွင်းလာခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တနင်္သာရီတိုင်းအတွင်း ဆီအုန်းများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ တနင်္သာရီတိုင်းအတွင်း ဆီအုန်း ဧကငါးသိန်း စိုက်ပျိုးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီ ၃၅ ခုတို့က ပါဝင်စိုက်ပျိုးလျက်ရှိနေကြသည်။ ဆီအုန်းဧက တစ်သိန်းခြောက်သောင်းကျော် စိုက်ပျိုးပြီးစီးလျက်ရှိပြီး အချို့ကုမ္ပဏီများအနေဖြင့် ဆီအုန်းဆီကြိတ်စက်ရုံများပင် တည်ဆောက်၍ စမ်းသပ်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။

တနင်္သာရီတိုင်းအတွင်း မြေလွတ်မြေရိုင်းများစွာရှိနေသည်ဖြစ်ရာ ဆန်စပါးကိုသာမက ဝင်ငွေတိုးအကျိုးရှိစေမည့် ရေမြေရာသီဥတုနှင့်ကိုက်ညီဖြစ်ထွန်းသော ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းသီးနှံတို့ကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် အဘက်ဘက်က အားပေး ဖြည့်ဆည်းပေးမှုများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူလယ်သမားများအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စေတနာထား၍ ကြိုးပမ်းကြရန်နှင့် ဆီအုန်းဧကငါးသိန်းစိုက်ပျိုးပြီးစီးနိုင်ရေး အားထုတ်ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အမျိုးသားညီလာခံကိုယ်စားလှယ်များ အင်းတကော် စက်မှုနယ်မြေလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့) နံနက်ပိုင်းတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်နှင့် ရွှေအောင်ရွှေး ရွှေမော်ဓောငယ်စေတီတော်ဆံတော်ရှင်တို့အား ဖူးမြော်ကြည်ညိုကြပြီး ကမ္ဘောဇသာဒီနန်းတော်ရာနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အင်းတကော် စက်မှုနယ်မြေရှိ စီမံကိန်းစက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇နာရီခွဲတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စေတီတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ၆၂၀၅၀ကို ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့ဝင်များက လက်ခံကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့ နန်းတော်ရာရပ်ရှိ ရွှေအောင်ရွှေး ကျောင်းတိုက်သို့ရောက်ရှိကြပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဇောတအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေအောင်ရွှေး ရွှေမော်ဓောငယ်စေတီတော် ဆံတော်ရှင်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော် မွမ်းမံပြုပြင်ရေးအတွက် အလှူငွေ ၁၃၀၀၀၅ကျပ်ကို ပေးအပ်လှူဒါန်းရာ စေတီတော်ပြန်လည် တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလှရီနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ကမ္ဘောဇသာဒီ နန်းတော်ရာသို့ ရောက်ရှိကြရာ ရှေးဟောင်း သုတေသန ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ခင်က ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီနေပြည်တော် ပန္နက်ပုံနှင့် ကမ္ဘောဇသာဒီရွှေနန်းတော် တည်ဆောက်မှု အဆင့်ဆင့်တို့ကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ကမ္ဘောဇသာဒီ နန်းတော်ရာအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအနီး ရန်ကုန်-ပဲခူး ကားလမ်းမကြီး၏ မြောက်ဘက်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အင်းတကော် စက်မှုနယ်မြေသို့ရောက်ရှိကြသည်။

ရှေးဦးစွာ စက်မှုနယ်မြေ ရှင်းလင်းဆောင်၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဆင့်သို့ ရောက်ရှိစေရန် ၁၉၉၈ခုနှစ် ဇွန်လ ၁ရက်မှ စတင်၍ ဝန်ကြီးဌာနကို ဖွဲ့စည်းပုံအသစ်ဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတွင် ၁၉၈၈ခုနှစ် မတိုင်မီက စက်ရုံ ကိုးရုံသာရှိခဲ့ရာမှ ယခုအခါ ဝန်ကြီးဌာနအနေဖြင့် တောင်ဒဂုံ စက်မှုနယ်မြေ၊ အင်းတကော် စက်မှုနယ်မြေ၊ သာဂရ စက်မှုနယ်မြေနှင့် ပခုက္ကူ စက်မှုနယ်မြေများ သီးခြားတည်ထောင်၍ စက်ရုံအလုပ်ရုံ ၂၁ရုံကို စီမံကိန်းချမှတ်ဆောင်ရွက်ကာ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း။

ယခု ညီလာခံကိုယ်စားလှယ်များ ရောက်ရှိနေသော အင်းတကော် စက်မှုနယ်မြေတွင်လည်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန အပါအဝင် စက်မှုလုပ်ငန်းနှင့် လယ်ယာသုံး စက်မှု လုပ်ငန်းများထုတ်လုပ်ရေးအတွက် စက်ရုံ ၁၁ရုံကို တည်ဆောက်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပဏာမပြောကြားပြီး အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံတစ်ခုချင်းစီကို အသေးစိတ် လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အင်းတကော် စက်မှုနယ်မြေရှိ တည်ဆောက်ပြီးစီးသွားသော စက်ရုံများမှ စက်မှုလုပ်ငန်းသုံး ပစ္စည်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် အင်းတကော် စက်မှုနယ်မြေမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

## သွေးကပြောသော သစ္စာတရား

☆ သမိုင်းတစ်ခေတ်၊ နိုင်ငံသစ်ဆီ
ဦးတည်မျှော်မှန်း၊ လမ်းစဉ်ခုနစ်ရပ်
ချမှတ်ခင်းကျင်း၊ အရဏ်လင်းပြီ
တိုင်းရင်းသားတွေ၊ အင်အားစည်းရုံး
နိုင်ငံလုံးမှ၊ တက်ကြွထောက်ခံ
ကြွေးကြော်သံတွေ၊ မိုးယံမြေအဝန်း
ပဲ့တင်လွှမ်းခဲ့။

☆ **“ဒို့လမ်းဒို့ဖောက်၊ ဒို့ဆောက်သည့်တံတား
ဒို့ဖြတ်သွားသည်၊ ဟန့်တားနှောင့်ယှက်
အဖျက်အဆီး၊ မည်မျှကြီးစေ
တွေ့ရလေလည်း၊ ဒို့တစ်တွေက
မမှုကြဘဲ၊ ရဲရဲရင်ဆိုင်
အနိုင်မခံ၊ အလံမလှဲ
အောင်ပွဲရယူ၊ အောင်လံထူလျက်
ခရီးဆက်၍၊ ထက်မြက်နိုးကြား
အမျိုးသားရေး၊ သမိုင်းပေးတာဝန်
ကျေပွန်ကြမည်”** တိုင်တည်ဟစ်ကြွေး
သွေးကသစ္စာ ဆိုခဲ့သည်။ ။

**(နိုင်ငံအဝန်း ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများကို ဂုဏ်ပြုလျက်....)**

**ကေတုနီလာ**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်မြနွယ်၊ သမီး ဒေါ်မြင့်မြင့်၊ ဦးဝင်းမြင့်အောင်၊ ခင်ရူပါချော၊ မောင်ရဲကျော်ထင်တို့က ငွေကျပ် ၁၀၁၀၀၀ကို ဘဏ္ဍာရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

**(၁၅-၁-၂၀၀၆)**

**နမ့်စန်**
၂ ဒီဂရီစင်တီဂရိတ်

**ဟားခါးနှင့် မိုးကုတ်**
၃ ဒီဂရီစင်တီဂရိတ်

**မင်းတပ်**
၄ ဒီဂရီစင်တီဂရိတ်

## အစည်းအဝေးတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်သည် ဇန်နဝါရီ ၁၆ရက်မှ ၁၈ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အာဆီယံ ၁၀ နိုင်ငံမှ COE သင်တန်းဌာနများ ပါဝင်သည့် The Model COE Networking Meeting သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းသို့ ရောက်ရှိကြရာ ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော်သားများ၊ မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဗိုလ်မှူးချုပ်ဝင်းရှိန်က ဇာဒက်ကြီးကျွန်းနှင့် ပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း၊ ရေမှော်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

**လက်ဆောင်များပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားနှုတ်ဆက်ပြီး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းလွင်ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**
(သတင်းစဉ်)

# ယနေ့ မိမိတို့အားလုံး တွေ့ရှိခံစားနေကြရသည့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများသည် မည်သူ့အပေါ်မှ မှီခိုခြင်းမပြုဘဲ ကိုယ်စွမ်းကိုယ်စ ကိုယ့်အားကိုယ်ကိုးပြီး ညီညီညွတ်ညွတ် ကြိုးစားဆောင်ရွက်ခဲ့၍ ရရှိသောရလဒ်ကောင်းများဖြစ်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သဘင်ခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းလွင်ဦးအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဇာဒက်ကြီးကျွန်းရှိ ရေကင်းတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၁၄ရက် နံနက် ၇နာရီခွဲတွင် ဘုတ်ပြင်းမြို့ တပ်နယ်အစည်းအဝေးခန်းမ၌ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် မိသားစုများကိုယ်စား ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်အား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟဲဒေသရှိ တောင်ဒဂုံဆီအုန်းကုမ္ပဏီ၏ တစ်နာရီ ၇ ဒသမ ၅ တန်ကျ ဆီကြိတ်စက်ရုံသို့ ရောက်ရှိကြပြီး ဆီကြိတ်ထုတ်လုပ်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမှ ဒါရိုက်တာများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆီသီးခိုင်နမူနာနှင့် ဆီကြိမ်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

**အပြည့်အဝစိုက်မည်**

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား တောင်ဒဂုံ ဆီအုန်းကုမ္ပဏီဒါရိုက်တာ ဦးမောင်မောင်လတ်က မိမိတို့ကုမ္ပဏီအနေဖြင့် ဘုတ်ပြင်းမြို့နယ်၌ ၁၉၉၉ ခုနှစ်မှ စတင်၍ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆီအုန်းဧက ၇၀၀၀စိုက်ပျိုးရန် လျာထားပြီး ၆၄၂၉ဧကစိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ လျာထားဧက အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းပညာရှင်များဖြင့် တစ်နာရီ ၇ဒသမ ၅တန်ကျ ဆီကြိတ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စက်စတင်စမ်းသပ်လည်ပတ်၍ ဆီကြိတ်များ ထုတ်လုပ်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန်၌ ဆီသန့်စက်ရုံကိုလည်း တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ၊ ဆီကြိမ်းစက်ရုံလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို အားပေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

- **ဒေသအလိုက် ဒေသဝမ်းစာဖူလုံရေးသည် နိုင်ငံတော်၏ မူဝါဒဖြစ်ရာ တနင်္သာရီတိုင်းအနေဖြင့် ဒေသဝမ်းစာ ဖူလုံအောင်စိုက်ပျိုးထုတ်လုပ်၊**
- **ဝင်ငွေကောင်းရရှိစေမည့်ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုး၊**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေး ထိရောက်စွာ အထောက်အကူပြုမည့်ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုး။**

# သတင်းကြားဖြတ်ထောက်လှမ်းမှု ကိစ္စအတွက် စစ်ဆေးမည့် အစီအစဉ်ကို ဆန့်ကျင်မှု ဘုရှ်ရပ်ဆိုင်းလိုက်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၄

**အမေရိကန်ပြည်ထောင်စုအတွင်း ပြည်သူများ၏ တယ်လီဖုန်းနှင့် အီး-မေးလ်ဆက်သွယ်မှုများကို ကြားဖြတ်ထောက်လှမ်းသည့် အငြင်းပွားဖွယ်ရာ ကိစ္စနှင့်ပတ်သက်၍ လူသိရှင်ကြား စုံစမ်းစစ်ဆေးမည့် အစီအစဉ်အား ဆန့်ကျင်နေမှုကို သမ္မတဘုရှ်က ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ စုံစမ်းစစ်ဆေးသူများက အမျိုးသားဆိုင်ရာ လျှို့ဝှက်ကိစ္စများ ပေါက်ကြားမှု မရှိစေရန် ကြိုးပမ်းမည်ဆိုပါက ယင်းပြဿနာကို လူသိရှင်ကြား ကြားနာစစ်ဆေးမှုကို မိမိလက်ခံကြောင်း သမ္မတဘုရှ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

သမ္မတဘုရှ်သည် သတင်းကြားဖြတ်နားထောင်မှုကိစ္စအား လူသိရှင်ကြား စစ်ဆေးမှုကို ကနဦးပိုင်းက ဆန့်ကျင်နေခဲ့သော်လည်း လူးဝစ္စဗီးလ်နှင့် ကင်တပ်ကီပြည်နယ်တို့တွင် မိန့်ခွန်းပြောကြားရာ၌ ယင်းကိစ္စနှင့် ပတ်သက်၍ ငြင်းဆိုမှုမရှိတော့ဟု ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။ ထို့နောက်လာမည့် ရက်သတ္တပတ်များအတွင်း ယင်းကိစ္စ လူသိရှင်ကြားစစ်ဆေးကြားနာမည့် အစီအစဉ်ကို လက်ခံခဲ့ခြင်းဖြစ်သည်။

**ကြားနာမည်**

လူသိရှင်ကြား ကြားနာစစ်ဆေးမှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း ဘုရှ်က ပြောကြားသည်။ ကြားနာစစ်ဆေးမှုများ ပြုလုပ်ရာတွင် သတင်းကြားဖြတ် ထောက်လှမ်းရန် မိမိဆုံးဖြတ်ပိုင်ခွင့် ရှိ၊ မရှိ ၎င်းတို့ စုံစမ်းစစ်ဆေးကြတော့မည်ဖြစ်ကြောင်း ဘုရှ်က ပြောကြားသည်။

**ကာကွယ်**

ဖော်ပြပါ သတင်းခိုးယူနားထောင်မှု အစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုများ ရှိနေမည်ဟု မိမိထင်မြင်ခဲ့ကြောင်း၊ သို့ရာတွင် အယ်လ်ခိုင်ဒါကွန်ရက်မှ အကြမ်းဖက်သမားများ၏ တယ်လီဖုန်းပြောဆိုချက်ကို ခိုးယူနားထောင်မှုသည် အမေရိကန်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်မှုရှိသည်ဟု ဘုရှ်က ၎င်း၏ အစီအစဉ်ကို နောက်ထပ်ကာကွယ်ပြောကြားသွားသည်။ အမေရိကန် တရားရေးဝန်ကြီးဌာနက ယင်းကိစ္စနှင့် ပတ်သက်သည့် ကြားနာမှုများကို ဖေဖော်ဝါရီလဆန်းတွင် ပြုလုပ်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရမှုကြောင့် မီးလောင်ပျက်စီးသွားသော အမေရိကန်ဟမ်းဗီးစစ်ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ဂျီးရီးယားတွင် ရေနံဝန်ထမ်းလေးဦးကို လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွား

လေဂို့စ် ဇန်နဝါရီ ၁၄

**နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ ရှိုင်ရယ်ဒတ်ချ်ရှဲလ်ကုမ္ပဏီပိုင်ရေနံမြေတွင် အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသား ရေနံလုပ်သားများအပါအဝင် ရေနံဝန်ထမ်းလေးဦးတို့ကို အမျိုးအမည်မသိ သေနတ်သမားများက ဖမ်းဆီးသွားကြကြောင်းအာဏာပိုင်များက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။**

အဖမ်းခံရသူ ဝန်ထမ်းများအနက် တစ်ဦးမှာ အမေရိကန်လူမျိုးဖြစ်ပြီး အခြားတစ်ဦးမှာ ဗြိတိန်လူမျိုးဖြစ်သည်။ သေနတ်သမားများသည် လွန်ခဲ့သော သီတင်းသုံးပတ်ကျော်က နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံတင်ပို့ရာ ဆိပ်ကမ်းတွင် ဖောက်ခွဲမှုများပြုလုပ်ခဲ့ပြီး ယခု တစ်ဖန် ပြန်ပေးဆွဲမှုကျူးလွန်ကြခြင်းဖြစ်သည်။ ထိုနိုင်ငံသည် အာဖရိကဒေသတွင် ထိပ်တန်းမှရေနံတင်ပို့ရောင်းချနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဓားစာခံဖမ်းဆီးခံရသူအခြားနှစ်ဦးမှာ ဟွန်ဒူးရပ်နိုင်ငံသားတစ်ဦးနှင့် ဘယ်လ်ဂျီယံ နိုင်ငံသား တစ်ဦးတို့ဖြစ်သည်။ ရေနံလုပ်ငန်းများအတွက် ထောက်ပံ့ပေးနေသောထောက်ပံ့ရေးသင်္ဘောပေါ်သို့ သေနတ်သမားများ တက်လာကြပြီး လူလေးဦးကိုဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု ရှဲလ်ရေနံမှပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ ရေနံထုတ်လုပ်မှု အခြေအနေကို ဖြတ်တောက်ထားခြင်း ရှိမရှိဆိုသည့်ကိစ္စကို ၎င်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။ စင်စစ်နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဋ္ဌမ ရေနံအများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်ပြီး အမေရိကန်သို့လည်း ရေနံတင်ပို့လျက်ရှိသည်။ အမေရိကန်သို့ တင်ပို့သော နိုင်ငံများ စာရင်းတွင် နိုင်ဂျီးရီးယားသည် ပဥ္စမနေရာ၌ရှိသည်။

နိုင်ဂျီးရီးယားနိုင်ငံရေနံမြေများတွင် လုပ်ကိုင်နေသော ရေနံလုပ်ငန်းများနှင့် လက်နက်ကိုင်များ အကြားတွင် မကြာခဏ ပြဿနာ ဖြစ်လေ့ရှိသည်။ အထူးသဖြင့် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် တိုက်ခိုက်မှု၊ ဖမ်းဆီးမှု၊ ရေနံခိုးယူမှုနှင့် ပြန်ပေးဆွဲမှုများ ပိုမို အဖြစ်များသည်။

ပြန်ပေးဆွဲခံရသော ရေနံ လုပ်သားများ အတွက်တောင်းခံသော ငွေကြေးကို ပေးချေပြီးလျှင် များသောအားဖြင့် အေးအေးချမ်းချမ်းပြန်လွှတ်ပေးလေ့ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကူဝိတ်စော်ဘွား ကွယ်လွန် အနိစ္စရောက်

**ကူဝိတ်စီးတီး ဇန်နဝါရီ ၁၅**

ကူဝိတ်နိုင်ငံ အကြီးအကဲ စော်ဘွား ရှိတ်ဂျာဘား အယ်လ်-အာမက် အယ်လ်-ဆာဘား (၇၈နှစ်) ကွယ်လွန် အနိစ္စရောက်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ကူဝိတ်စော်ဘွား ကွယ်လွန်အနိစ္စရောက်ရှိကြောင်း တရားဝင် ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခြင်းဖြစ်သည်။

ကူဝိတ်စော်ဘွားသည် ကူဝိတ်နိုင်ငံကို ၂၄၅နှစ်တိုင်တိုင် အုပ်စိုးလာခဲ့သော အယ်လ်ဆာဘားမင်းဆက်၏ ၁၃ဦးမြောက် အုပ်စိုးသူဖြစ်သည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်) တည်ထောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသရှိ နိုင်ငံငယ်လေးဖြစ်ပြီး ကမ္ဘာ့ရေနံသိုက်ပမာဏ၏ ဆယ်ပုံ တစ်ပုံကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည် အမေရိကန် အထက်တန်းတပ်မှူးတစ်ဦး ခန့်မှန်းပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၁၄

**အီရတ်ရှိ ပြောက်ကျားများသည် အီရတ်နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကမောက်ကမဖြစ်စေရန် ကြိုးပမ်းလျက်ရှိနေပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် အီရတ်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း အီရတ်ရှိ နံပါတ်-၂အဆင့်ရှိ အမေရိကန်တပ်မှူးတစ်ဦးက ခန့်မှန်းပြောကြားသည်။ ၎င်းသည် လုပ်ငန်းတာဝန်များ လက်စသတ်ကာ ဌာနေပြန်ရန် စိုင်းပြင်းနေပြီဖြစ်သည်။**

အီရတ်တွင် ကျယ်ပြန့်သည့် အစိုးရတစ်ရပ်ဖွဲ့စည်းရေးသည်တိုက်ခိုက်မှုများ လျော့ပါးရေးအတွက် အခရာကျပြီး အီရတ်ရှိ အယ်လ်ခိုင်ဒါ ကွန်ရက်ခွဲအနေဖြင့် ကစဉ့်ကလျား ဖြစ်လျက်ရှိသည်ဟု ကြည်းတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဂျွန်ဗိုင်းက ပြောကြားသည်။

အကြမ်းဖက်သမားများသည် အရှုံးပေးမည်မဟုတ်၊ ထွက်ပြေးမည်မဟုတ် သလို ဌာနေသို့လည်း ပြန်ကြမည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။၎င်းတို့အများအပြားအသတ်ခံရ သို့တည်းမဟုတ် အဖမ်းခံခဲ့ရပြီးဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းတို့က နိုင်ငံရေးလမ်းစဉ်ပျက်ပြားစေရန် ကြိုးပမ်းကြမည် ဖြစ်ကြောင်း ၎င်းက အမေရိကန် စစ်ဌာနချုပ်ရှိ သတင်းထောက်များကို ပြောကြားသည်။

ပြောက်ကျားများ အီရတ်တွင် ရှိနေသမျှ အပေါင်းပါတပ်များနှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့များအနေဖြင့် ၎င်းတို့ လုပ်ချင်တိုင်းလုပ်ခွင့် မရစေရန် ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၎င်းတို့အား လက်နက်ချစေရန် စည်းရုံးနိုင်ခြင်းမရှိ၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်စေရန် မကြိုးပမ်းနိုင်ပါက ၎င်းတို့ အဖမ်းခံ သို့တည်းမဟုတ် အသတ်ခံရမည်သာ ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်မှ အမေရိကန်တပ်ဖွဲ့ ပြန်လည်ရုပ်သိမ်းစေရန် သမ္မတဘုရှ်ကို မဲဆန္ဒရှင်များက ဖိအားပေးရန် လိုအပ်ဟုဆို

**နယူးယောက် ဇန်နဝါရီ ၁၄**

မဲဆန္ဒရှင်များက အမေရိကန်ပြည်ထောင်စုတွင် နိုဝင်ဘာလ၌ ပြုလုပ်မည့် အောက်လွှတ်တော် ရွေးကောက်ပွဲတွင် သမ္မတဘုရှ်ကို ဖိအားပေးခြင်းဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှပြန်လည်ရုပ်သိမ်းရန် တွန်းအားပေးမှု ဖြစ်စေနိုင်ကြောင်းဖြင့် အီရတ်စစ်ပွဲကို ပြောင်ပြောင်းတင်းတင်းဆန့်ကျင်သူ ဒီမိုကရက်တစ်ပါတီမှ အမေရိကန်အမတ် တစ်ဦးဖြစ်သူ ဂျွန်မူသာက ပြောကြားသည်။

ယခုနှစ်ကုန်ပိုင်းတွင် အမတ်အများစု ထွက်ကြရမည်ဖြစ်ပြီး တပ်ရုပ်သိမ်းရေး ကိစ္စသည် အမြန်ဖြစ်ပေါ်လာနိုင်သည်ဟု မိမိထင်မြင်ထားသည်ဟု ဆုတံဆိပ်ရရှိထားသူ ဗီယက်နမ် စစ်ပြန်တစ်ဦးဖြစ်သည့် ဂျွန်မူသာက စီဘီအက်စ် ရုပ်မြင်သံကြားသို့ ပြောကြားသည်။

အီရတ်စစ်ပွဲအပေါ် စိတ်ကုန်နေကြသည့် မဲဆန္ဒရှင်များ၏ တိုးမြှင့်ဖိအားပေးမှုသည် ယခုနှစ်လယ် အောက်လွှတ်တော်ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ပြီး သမ္မတဘုရှ်က အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်မှရုပ်သိမ်းရန် စီစဉ်ဆောင်ရွက်လာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရေး အစီအစဉ်တစ်ရပ်ကို မြင်တွေ့လာရမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အမေရိကန်ရဟတ်ယာဉ် အီရတ်တွင် ပျက်ကျ ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၃**

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် သောကြာနေ့က အမေရိကန် စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားရာ အမေရိကန် ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကီအိုဝါအမျိုးအစား ထောက်လှမ်းရေး ရဟတ်ယာဉ် တစ်စင်းသည် ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ကီလိုမီတာ ၄၀၀ခန့်အကွာရှိမိုဆူးလ်မြို့တွင် သောကြာနေ့ မွန်းလွဲပိုင်းက ပျက်ကျခဲ့ပြီးနောက် ၎င်းရဟတ်ယာဉ်မှူး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ သတိလစ်မေ့မြောနေသည်ဟု စောစောပိုင်း သတင်းများအရ သိရသည်။

**အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ပျက်ကျခဲ့သော အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်း၏ အပျက်အစီး အပိုင်းအစများကို ဇန်နဝါရီ၁၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အီရတ်တပ်ဖွဲ့ဘက်မှကူညီတိုက်ခိုက်ရန် အဆိုပါ ရဟတ်ယာဉ်ကိုခေါ်ယူခြင်း ဖြစ်သည်ဟု ဆိုသည်။

ပြောက်ကျားများက ယင်း ရဟတ်ယာဉ်ကို ပစ်ချခဲ့ခြင်းကြောင့် ပျက်ကျရသည်ဟု ယူဆရကြောင်း အမေရိကန်စစ်ဘက်က ယူဆသည်။

အမေရိကန် ရဟတ်ယာဉ် အီရတ်မြောက်ပိုင်းဒေသတွင် ပျက်ကျမှုသည် ရက်သတ္တတစ်ပတ်အတွင်းဒုတိယအကြိမ်မြောက်ဖြစ်သည်။ ဘလက်ဟော့ခ်အမျိုးအစား စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဇန်နဝါရီ ၇ရက်က ပျက်ကျခဲ့သဖြင့် လိုက်ပါလာသူ ၁၂ဦး စလုံး သေဆုံးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတော်နှင့် တစည်းတလုံးတည်းသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ အခြေခံ သူတစ်ပါးအပေါ် မှီခိုစိတ်များဖယ်ရှား၊ မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုးကြိုးပမ်း



❍ စာမျက်နှာ ၃ မှ

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၂နာရီခွဲတွင် ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ဘုတ်ပြင်းမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဘုတ်ပြင်းမြို့၌ တယ်လီဖုန်းဆက်သွယ်မှုအဆင့် မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျွန်းများ၏ သဘာဝအရင်းအမြစ်၊ အလှအပများမပျက်မစီး ရေရှည်တည်တံ့ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဘုတ်ပြင်းမြို့နယ်အတွက် မီးသတ်ယာဉ်ရရှိရေး၊ သန္ဓေမီးသတ်ဖွဲ့စည်းထားရှိရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဘုတ်ပြင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြည့်ဆည်းကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက တနင်္သာရီတိုင်း၏ ကမ်းနီးကမ်းဝေး ပင်လယ်ပြင်တို့၌ ငါးသတ္တဝါများပေါများမှုနှင့် ငါးမျိုးများ မျိုးသုဉ်းမပျက်စီးစေဘဲ ရေရှည်စားသုံးနိုင်ရေးအတွက် ငါးဖမ်းဆီးရာတွင် သတိပြုဆောင်ရွက်သင့်သည်များ၊ ဒေသကြက်မွေးမြူခြင်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သင့်သည်များ၊ ကြက်၊ငှက်တုပ်ကွေးရောဂါကို သတိပြုကာကွယ်သွားရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးမှု တိုင်းတာတွက်ချက်သည့် အညွှန်းကိန်းဂဏန်းများ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် တနင်္သာရီတိုင်း၏ ပါဝင်မှုအချိုးအစားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဘုတ်ပြင်းမြို့နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နေရမည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ချမှတ်ကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများ၊ ဝန်ကြီးများသည် အောက်ခြေအထိ မပြတ်ကွင်းဆင်းထိတွေ့၍ အားနည်းချက်များကို ပြုပြင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးတည်ချက်ရှိရှိ၊ ရည်မှန်းချက်ရှိရှိ ရှေ့ဆောင်ရှေ့ရွက်ပြု၍ အကောင်အထည်ဖော်လျက်ရှိကြောင်း။

## တွေ့ကြုံခံစားနေရ

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်လာမှုများ၊ လူနေမှုအဆင့်အတန်း ပြောင်းလဲမြင့်မားလာမှုများကို ကိုယ်တိုင်တွေ့ကြုံခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများသည်လည်း အခြေခိုင်မာပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်လာနိုင်စေကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘုတ်ပြင်းမြို့နယ် မဟာဒေသရှိ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီ၏ ဆီကြိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ယနေ့ မိမိတို့အားလုံး တွေ့ရှိခံစားနေကြရသည့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများသည် မည်သူ့အပေါ်မျှ မှီခိုခြင်းမပြုဘဲ ကိုယ်စွမ်းကိုယ်စ၊ ကိုယ့်အားကိုယ်ကိုးပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ခဲ့၍ ရရှိခံစားနေကြရသော ရလဒ်ကောင်းများဖြစ်ကြောင်း။

တနင်္သာရီတိုင်းကို ကြည့်ပါက ကော့သောင်း–မြိတ်–ထားဝယ်–မော်လမြိုင်–ရန်ကုန် ပြည်ထောင်စုလမ်းမကြီးသည် ထင်ထင်ရှားရှား ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

ရထားလမ်းအနေဖြင့်လည်း ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ဆက်ကြောင်းသစ် ပေါ်ပေါက်ခဲ့ပြီဖြစ်ကြောင်း၊ ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်၊ ထားဝယ်တို့၌လည်း လေယာဉ်ကွင်းကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီး ဖြစ်နိုင်သမျှ တစ်ပြေးညီ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## အလားအလာကောင်းများရှိ

တနင်္သာရီတိုင်းသည် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ငါး၊ ပုစွန်လုပ်ငန်းနှင့် ဓာတ်သတ္တုလုပ်ငန်းများ ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိသည့်အပြင် ရေမြေသယံဇာတများ ပေါကြွယ်ဝမှုတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများပေါ်တွင် နိုင်ငံတော်ကြီးနှင့် တစည်းတလုံးတည်းသော စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ သူတစ်ပါးအပေါ် မှီခိုအားထားလိုစိတ်များကို ဖယ်ရှားပြီး မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

ဒေသအလိုက် ဒေသဝမ်းစာဖူလုံရေးသည် နိုင်ငံတော်၏ မူဝါဒဖြစ်ရာ တနင်္သာရီတိုင်းအနေဖြင့် ဒေသဝမ်းစာဆန်ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း၊ ရေမြေ ရာသီဥတု အခြေအနေပေးမှုအပေါ် ဝင်ငွေကောင်းရရှိစေမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ဖြစ်ထွန်းအောင်မြင်အောင် တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင်လည်း စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့နှင့်အတူ ဘုတ်ပြင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး အသင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

# အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ

## တပ်မတော်အစိုးရလက်ထက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိ

### ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိလာ

**တနင်္သာရီတိုင်း ရဲတံခွန်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်သည့် တွင်းတူးစင်နှင့် ထုတ်လုပ်ရေးစင်တို့ကို ဝေဟင်မှ တွေ့ရစဉ်။**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်ရေးလုပ်ငန်းသည် အဓိက ကျသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယင်းသို့ ထုတ်လုပ်နိုင်ရေး အတွက် အတတ်ပညာ၊ နည်းပညာ၊ အရင်းအနှီးနှင့် စက်စွမ်းအားများ ပိုမိုရရှိစေနိုင်ရန်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၊ ရဲတံခွန်သဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် ကမ်းလွန် လုပ်ကွက်များ သတ်မှတ်စူးစမ်း ရှာဖွေလုပ်ကိုင်လျက်ရှိသည်။ မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန်နှင့် ရခိုင်ကမ်းလွန် ပင်လယ်ပြင်များတွင် လုပ်ကွက်များဖော်ထုတ်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိသည်။

ယခုအခါ သဘာဝဓာတ်ငွေ့များ အဆိုပါလုပ်ကွက်များမှ အလျှံပယ် ထွက်ရှိလာပြီဖြစ်သည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တင်ပို့ရောင်းချနိုင်၍ နိုင်ငံခြားငွေများလည်း ရရှိနေပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် လေးလတာကာလတွင် ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ ခုနစ်သောင်းကျော် တင်ပို့နိုင်ခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စုစုပေါင်းတင်ပို့နိုင်မှုမှာ ကုဗပေ တစ်သန်းကျော် ဖြစ်သည်။ ရဲတံခွန် သဘာဝဓာတ်ငွေ့ စီမံကိန်းမှ ၂၀၀၅ ခုနှစ် လေးလတာ ကာလအတွင်း ကုဗပေသန်းပေါင်းငါးသောင်းကျော် တင်ပို့နိုင်ခဲ့ပြီး ၁၉၉၈ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ကုဗပေ သန်းပေါင်း ငါးသိန်းခန့် တင်ပို့နိုင်ခဲ့သည်။ ထို့အပြင် ရခိုင်ကမ်းလွန်လုပ်ကွက်များတွင်လည်း သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းများကို ဖော်ထုတ် ဆောင်ရွက်နိုင်မှုကြောင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည်မိုင်နှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

### ကမ်းလွန်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်မှု

| စဉ် | အကြောင်းအရာ | ၁၉၈၈ | ၂၀၀၅ | တိုးတက်မှု |
|---|---|---|---|---|
| ၁ | **ကမ်းလွန်ရေနံမြေ** | – | ၂ | ၂ |
| ၂ | **သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်**(မိုင်) | | | |
| | – ကုန်းတွင်း(မိုင်) | ၂၅၀.၉၁ | ၁၂၅၉.၇၉ | ၁၀၀၈.၈၈ |
| | – ကမ်းလွန်ရေအောက်(မိုင်) | – | ၃၄၂.၀၀ | ၃၄၂.၀၀ |
| | – ကမ်းလွန်ကုန်းပေါ်(မိုင်) | – | ၈၁.၀၀ | ၈၁.၀၀ |
| ၃ | **သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု**(ကုဗပေသန်းပေါင်း) | – | ၃၂၅၂၂၆.၆၁ | ၃၂၅၂၂၆.၆၁ |

**လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ မီးဘေးသင့်ခံရသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က လှိုင်မြို့နယ် မီးသတ်စခန်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့်က ထောက်ပံ့ငွေနှင့်ပစ္စည်း ပေးအပ်စဉ်။**
(မီးသတ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၉။ အရေးပြိုင်ပွဲ
၈:၂၅ ၁၀။ လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀ ၁၁။ International News.
၈:၄၅ ၁၂။ Grammar Made Easy.
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၅ ၄။ အဆိုပြိုင်ပွဲ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅:၄၅ ၉။ အတီးပြိုင်ပွဲ
၅:၅၅ ၁၀။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၅၅)**
၇:၀၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လေ့ကျင့်ကားထစ်လေးများ" (အပိုင်း–၃၀)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း–၁)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ဒုတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဟံသာဝတီယာဉ်ရောင်းဝယ်ရေး မိသားစု၏ ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ဥက္ကလာဂေါက်ကွင်း၌ကျင်းပရာ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေး အကျိုးဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးပြုံးချိုနှင့် အမှုဆောင် ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဦးစန်းဝင်းမောင်က ကျင်းနံပါတ်(၂၃)တွင် တစ်ချက်တည်းကျင်းဝင်(Hole in One) ရရှိသည်။ ပြိုင်ပွဲအပြီးတွင် ဆုများ ချီးမြှင့်၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (၁၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁–၂၀၀၆ (တနင်္လာနေ့)**

၇:၀၀ MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇:၀၅ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ Fashion Talk
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ ပြည်တွင်းသတင်းအကျဉ်း
၈:၁၀ ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅ ဟင်းရွက်ရေလှောင်တမံ
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ရှားပါးသောရေချိုရေငန်စပ် မိကျောင်းများ အပိုင်း(၁) (မိကျောင်းခရီး)
၈:၅၅ မိုးလေဝသခန့်မှန်းချက်
၉:၀၀ သူ့ဘဝ၊ သူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ဆီဆေးပန်းချီ)
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ ခေတ်အဆက်ဆက်က ထင်ပေါ်မြန်မာ့ဖိနပ်ပုံတော်
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅ ဓလေ့ရိုးရာရှမ်းရွာလေးများ
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန)
၁၁:၁၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ ရွှေလောင်းတံတား
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ ရန်ကုန်ထရန်ဖော်မာ
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁–၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
**၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၃၅** ၆။ မျိုးချစ်တပ်မတော်
**၄:၅၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅:၄၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်းထုံးရယ်မပြယ် (အပိုင်း–၄)**
**၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားရှင် (အပိုင်း–၄၃)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

## အချပ်ပို (၄)မျက်နှာ ဖော်ပြပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပို (၄)မျက်နှာ ဖော်ပြပါရှိပါသည်။**

**✳ ဈေးကောင်းမှ**

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ခြံတာဝန်ခံ ဦးညီညီနိုင်က ရော်ဘာမျိုးသန့်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရော်ဘာမျိုးသန့် ပျိုးပင်များတွင်ကျယ်စွာ စိုက်ပျိုးပြီး ပိုသည့် အပင်များအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေး၊ ခြံစည်းရိုး ကြက်ဆူပင်ကို ရော်ဘာခြံပတ်လည်တွင် ခြံစည်းရိုးအဖြစ် စိုက်ပျိုးသွားရေး မှာကြားသည်။

အဆိုပါ မိသားစု ရော်ဘာမျိုးသန့် ကိုင်းပွားခြံရှိ မြေဧကတွင် မျိုးသန့်ရော်ဘာအပင်ပေါင်း ၆၀၀၀ နှင့် ရော်ဘာလက်ခံအပင်ပေါင်း တစ်သိန်း စိုက်ပျိုးထား၍ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင် ၂၂၀ နှင့် ကိုင်းပျိုးပင် ၈၀ ကို စိုက်ပျိုးထားပြီး ၎င်းတို့ရယူထားသည့် ဧက ၁၅၀၀ အနက် ယခုနှစ်တွင် ဧက ၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် မဒေါ်ကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

**မြေချစိုက်ပျိုးပေး**

အစီအစဉ်အရ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြံစည်းရိုး ကြက်ဆူပင် အစေ့ပျိုးပင်ကို မြေချစိုက်ပျိုးပေးပြီး ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အစေ့ပျိုးပင်ကို မြေချစိုက်ပျိုးပေးသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများသည် မြေသုံးဧက၌ ခြံစည်းရိုးကြက်ဆူစေ့ မျိုးတစ်သောင်းနှင့် မျိုးကိုင်းနှစ်ထောင်ကို မြေချစိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် ငွေဆောင်–မော်တင်လမ်း စိန်တောင်လမ်းခွဲ အနီးရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များ၏ စုပေါင်းရော်ဘာပျိုးခင်းသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရော်ဘာပင်များ ပျိုးထောင်ထားရှိမှုနှင့် မြေနေရာရှင်းလင်း ဖော်ထုတ်ပြီးစီးမှု များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကိုင်းပွားခင်းထူထောင်ရန်၊ လက်ခံပင်များ တိုးတက်စိုက်ပျိုး ရန်နှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို အားတက်သရော ကြိုးပမ်းဆောင်ရွက် ကြရန် မှာကြားကာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးထားသော ရော်ဘာ ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ် နှစ်နှစ်အတွင်း ဧက ၃၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ပုသိမ်ခရိုင် တွင် ရော်ဘာပျိုးပင် ၁၉၈၅၆၀၊ ဟင်္သာတခရိုင်တွင် ပျိုးပင် ၇၂၃၇၆ ပင်နှင့် မြောင်းမြခရိုင်တွင် ပျိုးပင် ၆၇၂၇၀ စုစုပေါင်း ပျိုးပင် ၃၃၈၂၀၆ ပင် ပျိုးထောင် ထားပြီး စိုက်ပျိုးရန်အတွက် မြေဧက ၁၀၉၀ တောခုတ်ရှင်းလင်းပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စိန်တောင်လမ်းခွဲအနီးရှိ ဓူပရင်းကုမ္ပဏီများအုပ်စု နှစ်ရှည်ပင် စိုက်ပျိုးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စီမံကိန်း ဒါရိုက်တာ ဦးမောင်မောင်လေးက ရော်ဘာပျိုးပင်တစ်သိန်း စိုက်ပျိုးထားရှိမှု၊ ဧက ၃၀၀ ၌ ရော်ဘာပင်စိုက်ပျိုးရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ပုသိမ်–သလပ်ခွာ–မော်တင်လမ်း မိုင်တိုင်အမှတ်(၁၂/၆)ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပုသိမ်–သလပ်ခွာ–မော်တင်လမ်း ပေ ၃၀ အကျယ် လမ်းချဲ့ခြင်းနှင့် တံတားများတည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိ ကြရာ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်–သလပ်ခွာ–မော်တင် လမ်းအား ပေ ၃၀ အကျယ်လမ်းအဖြစ် ချဲ့ထွင်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှု များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း က မော်တင်စွန်း ဘုရားပွဲတော်အမီ ခရီးသည်တင်ယာဉ်ကြီးများ ချောမောစွာ သွားလာနိုင်ရန် လမ်းချဲ့မှုလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရေး၊ မြောင်းကူး တံတားများ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ပုသိမ်–သလပ်ခွာ–မော်တင်လမ်း၊ စိန်တောင်လမ်းခွဲမှ မော်တင် လမ်းအပိုင်းမှာ ၈၄ မိုင်ရှိပြီး ပေ ၃၀ အကျယ်လမ်းအဖြစ် ချဲ့ထွင်ခဲ့ရာ ယခုအခါ ၆၄ မိုင် ပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိသည့် မိုင် ၂၀ အား မော်တင်စွန်း ဘုရားပွဲတော်အမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် လမ်းချဲ့ထွင်ပြီးစီး မှုနှင့် လမ်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်–မော်တင်လမ်းနှင့် ကျုံကူးကျေးရွာလမ်းခွဲသို့ ရောက်ရှိကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီတွင် မိုင်တိုင်အမှတ် (၇၃)အနီးသို့ရောက်ရှိကြပြီး မူလလမ်းအကျယ် ၁၂ ပေမှ ပေ ၃၀ အကျယ်သို့ ရောက်အောင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်လက်ထွက်ခွာလာရာ ပုသိမ်–မော်တင်လမ်းနှင့် ငါးပြေမ ကျေးရွာလမ်းဆုံသို့ ရောက်ရှိကြပြီး ဟိုင်းကြီး တပ်နယ်ဧက ၂၅၀ ရော်ဘာ စိုက်ပျိုးရေးစီမံကိန်းရုံး၌ ဟိုင်းကြီးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးက ရော်ဘာပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်၊ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ သလပ်ခွာ ကျေးရွာရှိ မိသားစု ရော်ဘာမျိုးသန့်ကိုင်းပွားခြံတွင် ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း က ခြံစည်းရိုးကြက်ဆူပင်များကို ရော်ဘာစိုက်ခင်း ခြံစည်းရိုးအဖြစ် စိုက်ပျိုးသွားရန် မှာကြားသည်။

ဟိုင်းကြီး တပ်နယ်အနေဖြင့် မိုင်တိုင်အမှတ်(၈၁)နှင့် (၈၄)ကြားတွင် ရော်ဘာဧက ၅၀ စိုက်ပျိုးပြီးစီးပြီး ၂၀၀၆ ခုနှစ်တွင် ဧက ၂၅၀ တွင် တောခုတ် ပြီး ရော်ဘာစိုက်ပျိုးရန်အတွက် BPM- 24 အမျိုးအစား ရော်ဘာပင်ပေါက် ငါးသောင်းနှင့် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းကို ပျိုးထောင်ထားပြီးဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပုတောမြို့နယ် ကျောက်ချောင်းကျေးရွာ၊ ခမောက်မော်ကျေးရွာနှင့် ကံချိုင်ကျေးရွာများ၏ စည်ပင်ဖွံ့ဖြိုးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကာ ဖူးမြော် ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခမောက်မော်ကျေးရွာမှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဟိုင်းကြီးတပ်နယ်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိကြသည်။

**တက်ရောက်အားပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဟိုင်းကြီးတပ်နယ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက် အားပေးသည်။

ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲတွင် ရှေးဦးစွာ ဟိုင်းကြီး ကျွန်းမြို့ စိုက်ပျိုးရေးလုပ်ငန်းအရာရှိ ဦးဌေးမြင့်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်၊ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပျိုးခြံတာဝန်ခံ ဗိုလ်ကြီးမောင်မောင်လွင်က ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင် ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူစေ့ နှင့် မျိုးကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ခြံစည်းရိုးကြက်ဆူစေ့ နှင့် မျိုးကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဟိုင်းကြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များက ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၉၆၀၀နှင့် မျိုးကိုင်း ၁၂၀၀ကို စုပေါင်း ပျိုးထောင် စိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှင်သန်ဖြစ်ထွန်းနေ ပြီးဖြစ်သော ခြံစည်းရိုး ကြက်ဆူပင် တစ်သိန်း ပျိုးထောင်ထားရှိမှု၊ ဂျင်း၊ နနွင်း ၁ ဒသမ ၅ ဧက စိုက်ခင်းနှင့် ငရုတ်ကောင်း စိုက်ခင်းအမှတ်(၁)၌ ငရုတ်ကောင်း အပင် ၉၀၀၀ ရှင်သန်ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညနေ ၆ နာရီ တွင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က ဟိုင်းကြီး ကျွန်းမြို့၏ ဒေသအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြား ရာတွင် ဟိုင်းကြီးကျွန်းဒေသသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ပင်လယ်ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းတို့ဖြင့် စီးပွားရေးကောင်းမွန်သည့် ဒေသဖြစ်ကြောင်း၊ စီးပွားရေးပိုမိုကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးလာစေရန် သားငါး ထုတ်လုပ်မှုကဏ္ဍတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ပုစွန်မွေးမြူရေး လုပ်ငန်းနှင့် ဒေသကြက်မွေးမြူရေးကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က သတ်မှတ်ပေးထား သည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင် သုံးမျိုး၊ အမယ်သစ် သုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးတက်စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် ဈေးကောင်းရရှိသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို စိုက်ပျိုးနိုင် သမျှ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ထို့ပြင် စက်သုံးဆီအစားထိုး ဇီဝဒီဇယ် ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးကိုလည်း ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လိုအပ်သည့်အစီအမံများ ချမှတ်ကာ ဖြည့်ဆည်း ပံ့ပိုးကူညီမှုများ ပေးလျက်ရှိရာ မိမိတို့နယ်မြေဒေသတွင် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ များ၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃)ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၃)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ၆၇ပေ အလျားရှိသည့် ဧရာမဝေလငါးကြီး ပေါင်မြို့နယ်အတွင်းရှိ ပင်လယ်ရွာကလေးတွင် ကမ်းတင် သေဆုံး၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ အမြောက်အမြား ထွက်ရှိနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ်ပြောကြား၊ Reader's Debate ကဏ္ဍမှ မြန်မာအမျိုးသမီးတွေ ခေတ်နဲ့အညီ ဝတ်စား ဆင်ယင်တာ ကောင်းတယ်၊ မကောင်းဘူးစသည့် ပြည်တွင်းရေးရာ သတင်းများ၊ ဆောင်းပါးများ စုံလင်စွာဖြင့် ယနေ့ ထွက်ရှိလာသည်။

တရုတ်နိုင်ငံသမ္မတက အကျင့်ပျက်မှုကို တွန်းလှန်ပစ်ရန်တိုက်တွန်း၊ ချစ်မွေးတိရစ္ဆာန် များလည်း အဝလွန် စစ်ပွဲ၌ အရှုံးပေါ်နေ၊ လောင်စာအကျပ်အတည်းက ဗြိတိန်ကိုလည်း အဏုမြူ စွမ်းအင်နှင့် စွမ်းအင်သန့်သို့ တွန်းပို့ပြီ၊ ဂျပန်တွင် မကြုံစဖူး ဆီးနှင်းများ ထူထပ်စွာကျ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တွင် အအေးလှိုင်းဝင်စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါး များ၊ အားကစား၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media Group ဖုန်း– ၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိ လိုက်သည်။

(က–ပ)

**ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်း ကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်ကကျင်းပရာ အလှူရှင် ဦးကျော်အောင်၊ ဒေါ်ဝင်းဝင်းမာနှင့် မြန်မာ့ရေနံဝန်ထမ်းများက လှူဒါန်းသော ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို ကျောင်းအုပ်ဆရာကြီး ဦးစောလွင်က လက်ခံရယူစဉ်။** (ပညာရေး)

# အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း(၈)

စိုးမြ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ပေါ်ထွန်းလာရေးကို ရှေးရှုဖော်ဆောင်နေသော နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး ဦးတည်ချက်(၄)ရပ် ချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

နိုင်ငံတော်နဲ့ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင်–

- **စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊**
- **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊**
- **နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊**

ဟူသည့် ဦးတည်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း တွေ့ရှိနိုင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးကို အထောက်အကူပြုစေမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ပင်ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က လိုအပ်သည့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူပင် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရာ၌လည်း စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုကဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ရမည့် ကိစ္စရပ်များဟူ၍ ရှိလာမည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်းတွင် လည်းကောင်း အာဏာခွဲဝေအပ်နှင်းထားသည့် စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းဆွေးနွေးတင်ပြလိုက်ရပါသည်။

**စိုးမြကျော်** – ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

**ဘကြီးစိုး** – နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိက ကွင်းဆက်ဖြစ်တာကြောင့် စီးပွားရေးကွင်းဆက်အားကောင်းဖို့ လိုအပ်ပါတယ်။ စီးပွားရေးကွင်းဆက် အားကောင်းမှ နိုင်ငံရေးနဲ့လူမှုရေး ကွင်းဆက်တွေလည်း ခိုင်ခိုင်ခံ့ခံ့နဲ့ အချိတ်အဆက်မိနေမှာ ဖြစ်တယ်။

**ကြီးကြီးမြ** – ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး မြန်မာ့စီးပွားရေး အဆောက်အအုံမှာ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံတွေကို တည်ဆောက်နိုင်ဖို့အတွက် စီးပွားရေးနဲ့ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတော်က ဆောင်ရွက်ပေးနေတာ ကြီးကြီးတို့ ကိုယ်တွေ့ပဲ မဟုတ်လား။

**စိုးမြကျော်** – မှန်ပါတယ်ခင်ဗျာ။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုး တက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာမှာ တပ်မတော် အစိုးရဟာ စီးပွားရေးဦးတည်ချက် (၄)ရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးနေတာ တစ်နိုင်ငံလုံးမှာ မျက်မြင် ထင်ရှားပါပဲ။

**ကြီးကြီးမြ** – ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံကို အုတ်မြစ်ချ တည်ဆောက် ပေးနေတာလည်း ဖြစ်ပါတယ်။

**ဘကြီးစိုး** – အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–

(၁) **နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊**

(၂) **နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊**

(၃) **နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်မှုကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်၊**

ဆိုပြီး အခြေခံမူတွေ ချမှတ်ပေးထားပါတယ်။

**ကြီးကြီးမြ** – တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် လာစေဖို့အတွက် တစ်နိုင်ငံလုံး မှာ ကွက်လပ်မကျန်အောင် လွှမ်းခြုံဆောင်ရွက်ပေးရမှာ ဖြစ်လို့ ပြည်ထောင်စု အဆင့်က စီးပွားရေးမူဝါဒတွေ ချမှတ်ပေးပြီး လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းပေးခြင်း၊ စီမံကိန်းများ ရေးဆွဲဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။

> အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–
>
> (၁) နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊
>
> (၂) နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုး ရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊
>
> (၃) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်မှုကို ပျက်ပြား စေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီး ကာကွယ်မည်၊
>
> ဆိုပြီး အခြေခံမူတွေ ချမှတ်ပေးထားပါတယ်။

**ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိ ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေး ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်သည်။**

**ဘကြီးစိုး** – ဒါကြောင့်မို့ အမျိုးသားညီလာခံက စီးပွားရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ–

(၁) **စီးပွားရေး၊**

(၂) **ကူးသန်းရောင်းဝယ်ရေး၊**

(၃) **သမဝါယမ၊**

(၄) **ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုအစပ်၊**

(၅) **သွင်းကုန်၊ ထုတ်ကုန်နှင့်ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း၊**

(၆) **ဟိုတယ်နှင့် တည်းခိုခန်း၊**

(၇) **ခရီးသွားလာရေးလုပ်ငန်း၊**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်းထား ပါတယ်။

**စိုးမြကျော်** – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း မှာကော ဘကြီး။

**ဘကြီးစိုး** – စီးပွားရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းမှာ–

(၁) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊**

(၂) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊**

(၃) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ၊**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်း ပေးထားပါတယ်။

**စိုးမြကျော်** – ဟုတ်ကဲ့ပါ ဘကြီး။ အဲဒီဥပဒေပြုစာရင်းမှာ ဖော်ပြ ထားချက်တွေဟာ ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက်သာ အဓိကရည်ရွယ် သတ်မှတ်ထားတာဖြစ်တယ်။ ဒီလို ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့အညီ အကောင်အထည် ဖော်ဆောင်ရွက်ရတာက စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်း တွေပဲ ဖြစ်တယ်ဆိုတာ သဘောပေါက်ပါတယ်။ ပိုပြီး ရှင်းရှင်းလင်းလင်းသိရအောင် ဆွေးနွေးပေးပါဦး။

**ကြီးကြီးမြ** – ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ရပ်အရ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည် ဖော်နိုင်ဖို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒေသဆိုင်ရာ အာဏာပိုင်တွေကို လုပ်ပိုင်ခွင့်ပေးပြီး ဆောင်ရွက်သွားရ မြဲဖြစ်ပါတယ်။

**ဘကြီးစိုး** – ဥပမာ–ခရီးသွားလုပ်ငန်းဆိုပါစို့။ တစ်ပြည်လုံး ဒေသ အသီးသီးမှာ ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နေကြတာ ဖြစ်တယ်။ အဲဒီခရီးသွားလုပ်ငန်းနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းပေးမှာဖြစ်တယ်။ အဲဒီပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို တိုင်းဒေသကြီး အစိုးရတွေ၊ ပြည်နယ်အစိုးရတွေ အပါ အဝင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရတဲ့ အဖွဲ့အစည်းတွေက အကောင်အထည်ဖော် ဆောင်ရွက် သွားရမှာပဲဖြစ်တယ်။

**ကြီးကြီးမြ** – အဲဒီလို တစ်နိုင်ငံလုံးကို လွှမ်
ပြည်ထောင်စုလွှတ်တော်မှာ
ပြည်နယ်အသီးသီးက လွှ
လည်း ပါဝင်နေကြတာဖြစ်
အလိုက် သင့်လျော်ကောင်း
တင်ပြခွင့်ရရှိနေမှာပဲ ဖြစ်

**စိုးမြကျော်** – ရှင်းပါပြီခင်ဗျာ၊ တချို့ကိစ္စ
တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်ရ
လွှမ်းခြုံပြီး ပြည်ထောင်စုက
တွေအရ လုပ်ငန်းတွေ
တိုင်းဒေသကြီး သို့မဟု
ဆောင်ရွက်ကြရမယ်။ န
ထူးခြားတဲ့ အခြေအနေတွေရှိ
ကိုယ်စားလှယ်တွေက ပြ
ဆွေးနွေးတင်ပြခွင့်ရှိတယ်။
အဲဒီတင်ပြချက်တွေကို လေ့
ဖြစ်အောင် ဆုံးဖြတ်ပေးသ
မဟုတ်လား ဘကြီး။

**ဘကြီးစိုး** – မှန်ပါတယ်။ အခုဆက်ပြီး
ကဏ္ဍအကြောင်း ဆွေးနွေး

**စိုးမြကျော်** – ကျွန်တော်တို့နိုင်ငံတော်ရဲ့
(၄)ရပ်အနက် ပထမဆုံး
**"စိုက်ပျိုးရေးကိုအခြေခံ၍**
**ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး**
**ရေး"**ဖြစ်ပါတယ်။

**ဘကြီးစိုး** – အမျိုးသားညီလာခံက **"နိုင်
မှ စက်မှုလယ်ယာသို့ ကူး
အရင်း အနှီး၊ စက်ပစ္စည်း၊
အတတ်နိုင်ဆုံး ဖြည့်ဆည်**
စပ်လျဉ်းပြီး အသေးစိတ်အ
ပေးထားပါတယ်။

**ကြီးကြီးမြ** – စိုက်ပျိုးရေးမှာအရေးပါတဲ့
ရည်မှန်းချက်တွေက ပြည်တွ
အတွက် သီးနှံများတိုးချဲ့စိုက
စက်မှု လက်မှုလုပ်ငန်းတွေ
ကုန်ကြမ်းသီးနှံများ စိုက်ပ
လယ်ယာ ထွက်ကုန်သီးနှံတွေ
ကြိုးပမ်း ဆောင်ရွက်ဖို့ဖြစ်တ
ဖွံ့ဖြိုးရေးကို အထောက်အက
တွေကိုပါ တိုးချဲ့ဆောင်ရွက်

**စိုးမြကျော်** – အဲဒီ ရည်မှန်းချက်တွေ
ပြည်ထောင်စု တစ်ဝန်းလုံး
စပ်လျဉ်းပြီး မူဝါဒချမှတ်
ပြဋ္ဌာန်းပေးခြင်းတို့ကို ဆော
တယ်။

**ဘကြီးစိုး** – အနာဂတ်မှာလည်း ပြည်
မြေကေပေါင်း ၁၆၇သန်းကျေ
ခန့်ခွဲမှုကို ပြည်ထောင်စုရဲ့
အစည်းတွေက ဆွေးနွေးညှိ
ပြဋ္ဌာန်းပေးမှတစ်နိုင်ငံလုံးအ

# …အပိုင်း( ၈ )

## စိုးမြကျော်

**…ကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက်**
**…မှုများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်**
**…များနှင့် အသေးစိတ်အခြေခံရမည့်မှုများကို လေ့လာကြည့်ရှုခြင်း**
**…ဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။**
**…သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား**
**…ဖော်ပြသွားမည်ဖြစ်သည်။**

**ကြီးကြီးမြ** – အဲဒီလို တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်နေကြတာဖြစ်လို့ မိမိတို့ရဲ့ နယ်မြေဒေသအလိုက် သင့်လျော်ကောင်းမွန်တဲ့ အကြံပြုချက်တွေကို တင်ပြခွင့်ရရှိနေမှာပဲ ဖြစ်တယ်ကွယ့်။

**စိုးမြကျော်** – ရှင်းပါပြီခင်ဗျာ၊ တချို့ကိစ္စတွေမှာတစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်ရအောင် တစ်နိုင်ငံလုံးအတွက် လွှမ်းခြုံပြီး ပြည်ထောင်စုက ဥပဒေပြုပေးမယ်။ အဲဒီဥပဒေတွေအရ လုပ်ငန်းတွေ အကောင်အထည်ပေါ်အောင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတွေက ဆောင်ရွက်ကြရမယ်။ နယ်မြေဒေသအခြေအနေအရ ထူးခြားတဲ့ အခြေအနေတွေရှိရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်ထောင်စု လွှတ်တော်မှာ ဆွေးနွေးတင်ပြခွင့်ရှိတယ်။ ပြည်ထောင်စုလွှတ်တော်က အဲဒီတင်ပြချက်တွေကို လေ့လာသုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ပေးသွားမှာပဲဖြစ်တယ်။ အဲဒီလို မဟုတ်လား ဘကြီး။

**ဘကြီးစိုး** – မှန်ပါတယ်။ အခုဆက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍအကြောင်း ဆွေးနွေးကြရအောင်။

**စိုးမြကျော်** – ကျွန်တော်တို့နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် ပထမဆုံး ဦးတည်ချက်တစ်ရပ်က **"စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"**ဖြစ်ပါတယ်။

**ဘကြီးစိုး** – အမျိုးသားညီလာခံက **"နိုင်ငံတော်သည်လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်း အနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်"**ဆိုတဲ့ စိုက်ပျိုးရေးနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ပေးထားပါတယ်။

**ကြီးကြီးမြ** – စိုက်ပျိုးရေးမှာအရေးပါတဲ့ လယ်ယာကဏ္ဍရဲ့အဓိကရည်မှန်းချက်တွေက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ဖို့၊ ပြည်တွင်းစက်မှု လက်မှုလုပ်ငန်းတွေအတွက် လိုအပ်တဲ့ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ဖို့နဲ့ ပြည်ပကို လယ်ယာ ထွက်ကုန်သီးနှံတွေ ပိုမိုတင်ပို့နိုင်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်ဖို့ဖြစ်တယ်။ ဒါ့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမယ့် စိုက်ပျိုးရေးလုပ်ငန်းတွေကိုပါ တိုးချဲ့ဆောင်ရွက်သွားမယ်လို့ သိထားပါတယ်။

**စိုးမြကျော်** – အဲဒီ ရည်မှန်းချက်တွေ အောင်မြင်ဖို့ အခုအခါမှာ ပြည်ထောင်စု တစ်ဝန်းလုံးအတွက် မြေယာစီမံခန့်ခွဲမှုနဲ့ စပ်လျဉ်းပြီး မူဝါဒချမှတ်ခြင်း၊ လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။

**ဘကြီးစိုး** – အနာဂတ်မှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ မြေကေပေါင်း ၁၆၇သန်းကျော်နဲ့ စပ်လျဉ်းပြီး မြေယာစီမံခန့်ခွဲမှုကို ပြည်ထောင်စုရဲ့ အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းတွေက ဆွေးနွေးညှိနှိုင်းပြီး လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးမှတစ်နိုင်ငံလုံးအနေနဲ့တူညီမှုရှိမှာမဟုတ်လား။

**စိုးမြကျော်** – မှန်ပါတယ်ဘကြီး။

**ဘကြီးစိုး** – ဒါကြောင့်မို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ–

(၁) **မြေယာစီမံခန့်ခွဲမှု၊**
(၂) **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊**
(၃) **ကြေးတိုင်နှင့်မြေစာရင်း၊**
(၄) **မြေတိုင်း၊**
(၅) **ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊**
(၆) **မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊**
(၇) **စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊**
(၈) **စက်မှုလယ်ယာ၊**
(၉) **စိုက်ပျိုးရေးသုတေသန၊**
(၁၀) **ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊**
(၁၁) **ပင်လယ်ငါးလုပ်ငန်း၊**
(၁၂) **တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ၊**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်းပေးထားပါတယ်။

**စိုးမြကျော်** – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့ ကိစ္စရပ်တွေကိုလည်း သိပါရစေ ဘကြီး။

**ဘကြီးစိုး** – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်တွေကတော့–

(၁) **လယ်ယာစိုက်ပျိုးရေး၊**
(၂) **အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊**
(၃) **ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ် သုံးစွဲရေး၊**
(၄) **စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊**
(၅) **တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊တာတမံ၊ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊**
(၆) **ရေချိုငါးလုပ်ငန်း၊**
(၇) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး၊**

တို့ပဲ ဖြစ်တယ်။

**စိုးမြကျော်** – ဘကြီး ရှင်းပြသွားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းမှာရော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာပါ **ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ**ဆိုတာ ပါနေတာတွေ့ရပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ ၁၉၈၈–၈၉ ဘဏ္ဍာရေးနှစ်ကနေ ယနေ့အချိန်အထိ ဆည်မြောင်း၊တာတမံစီမံကိန်းပေါင်း ၁၈၁ ခုကို အောင်မြင်စွာ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီ ဆည်မြောင်း တာတမံတွေကတစ်ဆင့် စိုက်ပျိုးမြေဧကသိန်းပေါင်းများစွာကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့ လယ်ယာစီးပွားရေးကဏ္ဍ သိသိသာသာတိုးတက်လာပြီး တောင်သူလယ်သမားတွေနဲ့ ပြည်သူတွေ အကျိုးကျေးဇူးများစွာ ရရှိခံစားနေကြရပါတယ် ဘကြီး။

**ဘကြီးစိုး** – အဲဒီလို နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေအနက် အနာဂတ်မှာ ပြည်ထောင်စုကသာ ထိန်းသိမ်းစီမံခန့်ခွဲသွားသင့်တဲ့ ဆည်တမံတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေရှိမှာဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ထိန်းသိမ်းစီမံခန့်ခွဲသွားရမယ့် ဆည်တမံတွေ၊ ရေကန်တွေ၊ ရေနုတ်မြောင်းတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေလည်း ရှိမှာဖြစ်တယ်။ ဒါ့အပြင် အနာဂတ်မှာဆက်လက်တည်ဆောက်ပြီး စီမံခန့်ခွဲသွားရမယ့် စီမံကိန်းလုပ်ငန်းတွေလည်း ရှိလာလိမ့်ဦးမယ်။ ဒါကြောင့်မို့ **ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ**နဲ့ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ** ဆိုပြီး ဥပဒေပြု စာရင်းနှစ်ခုစလုံးမှာ ထည့်သွင်းဖော်ပြပေးထားတာ ဖြစ်ပါတယ်။

**စိုးမြကျော်** – ဟုတ်ကဲ့ခင်ဗျာ။ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **စက်မှုလယ်ယာ** ကိစ္စရပ်ကိုလည်း ထည့်သွင်းထားတာ တွေ့ရပါတယ်။ အသေးစိတ်ရှင်းပြပေးပါဦး။

**ကြီးကြီးမြ** – တပ်မတော်အစိုးရလက်ထက်မှာ အနာဂတ်နိုင်ငံတော်အတွက် လမ်းခင်းဖော်ဆောင် ပေးနေတဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေ အမြောက်အမြားရှိနေရာမှာ **စက်မှုလယ်ယာ** ကိစ္စရပ်လည်း ပါဝင်တာပေါ့ကွယ်။ ဒါကြောင့် နိုင်ငံတော်မှာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ပြီး တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်လူပန်းမဖြစ်ရစေဖို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

**ဘကြီးစိုး** – လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်အောင် ရှေးဟောင်းသမားရိုးကျနည်းလမ်းတွေအစား ခေတ်မီတိုးတက်တဲ့ စက်မှုနည်းပညာတွေကို အသုံးပြုပြီး စိုက်ပျိုးရေးကဏ္ဍ ထွန်းကား လာဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေပါတယ်။
အဲဒီလုပ်ငန်းတွေကတော့–

(၁) **လယ်ယာမြေသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် စက်မှုတပ်ဆင်ပြီး ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊**
(၂) **ပြည်တွင်းပြည်ပမှ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊**
(၃) **မြန်မာ့လယ်ယာလုပ်ငန်းများနှင့် ကိုက်ညီဆီလျော် သော လယ်ယာသုံးစက်ကိရိယာများကို တီထွင်စမ်းသပ်ခြင်း၊**
(၄) **မြန်မာ့လယ်ယာလုပ်ငန်းများနှင့် ကိုက်ညီဆီလျော်သော လယ်ယာသုံး စက်ကိရိယာ အများအပြား ထုတ်လုပ်ပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊**
(၅) **လယ်ယာမြေတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြေယာသစ်များကို စက်ကိရိယာ အကူအညီများဖြင့် ဖော်ထုတ်ပေးခြင်း၊**
(၆) **သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် မြေအောက်ရေရှာဖွေတူးဖော်ပေးခြင်း**

စတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။

> တပ်မတော်အစိုးရလက်ထက်မှာ အနာဂတ်နိုင်ငံတော်အတွက် လမ်းခင်းဖော်ဆောင်ပေးနေတဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေ အမြောက်အမြားရှိနေရာမှာ **စက်မှုလယ်ယာ** ကိစ္စရပ်လည်း ပါဝင်တာပေါ့ကွယ်။ ဒါကြောင့် နိုင်ငံတော်မှာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ပြီး တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်လူပန်းမဖြစ်ရစေဖို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။
>
> လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်အောင် ရှေးဟောင်းသမားရိုးကျနည်းလမ်းတွေအစား ခေတ်မီတိုးတက်တဲ့ စက်မှုနည်းပညာတွေကို အသုံးပြုပြီး စိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေပါတယ်။

**စိုးမြကျော်** – ကျွန်တော်တို့မျက်မြင်ကိုယ်တွေ့ပါပဲခင်ဗျာ။ လယ်ယာလုပ်ငန်းခွင်မှာ စက်ကိရိယာတွေ တိုးချဲ့တပ်ဆင်အသုံးပြုခြင်းဖြင့်စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရေး အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီးဒေသဆိုင်ရာကော်မတီတွေရဲ့ ကြိုးကြပ်မှုနဲ့ နိုင်ငံတစ်ဝန်းမှာ စက်မှုဇုန်တွေ ထူထောင်အားပေးနေတာ အားရစရာပါပဲ။

**ကြီးကြီးမြ** – အခုကတည်းက အရှိန်ရနေတဲ့ နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို အနာဂတ်မှာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်အောင် ဖော်ဆောင်ပေးထားတာမို့ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးနဲ့ ပြည်တွင်းစက်ရုံအလုပ်ရုံများအတွက် လိုအပ်သောကုန်ကြမ်းများ ဖြည့်ဆည်းပေးရေးဆိုတဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေလည်း ပိုမိုတိုးတက် အောင်မြင်လာမှာ သေချာပါတယ်။

**ဘကြီးစိုး** – အနာဂတ်မှာ ပြည်ထောင်စုအဆင့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒတွေ၊ လုပ်ငန်းစီမံကိန်းတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချမှတ်ပေးလိုက်တဲ့အခါ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက မိမိတို့နယ်မြေအတွင်းလယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတွေကို အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တက်ညီလက်ညီနဲ့ ဟန်ချက်ညီညီအကောင်အထည်ဖော်နိုင်အောင် ကြိုတင်မျှော်မှန်းပြီး အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ပေးနေတာပဲဖြစ်ပါတယ်။

# မကြာမီထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံအနှစ်သာရရှိပြီး ခေတ်မီသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်နိုင်သည်ဆိုသည်ကို လေ့လာကြည့်လျှင်သိနိုင်

**● အမျိုးသားညီလာခံမှ**

စစ်ကြောင်းမှူးများ ဦးဆောင်ချီတက်၍ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းသို့ ဝင်ရောက်နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစိုင်းလှမောင်၊ စီးပွားရေးလုပ်ငန်းရှင်ဒေါ်နန်းအုန်းခင်၊ အင်းသား တိုင်းရင်းသား ကိုယ်စားလှယ်ဦးသန်းမောင်ချို၊ ဓနုတိုင်းရင်းသား

**လှိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်ဒီဂေါ် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

ကိုယ်စားလှယ် ဦးအောင်ပွေး၊ အငြိမ်းစား ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်အေးကြည်စိန်နှင့် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခွန်ဝင်းကိုတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝါဝါထွေးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမိုးနန္ဒာကြည်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက လူထုအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင်မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာသော သမိုင်းကြောင်းတစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ကြွားထည်ဝါစွာ ရပ်တည်နေထိုင်လာခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်းမိမိတို့နိုင်ငံ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် သာယာဖြောင့်ဖြူးခြင်းမရှိဘဲ တိုင်းရင်းသားများ စည်းလုံးညီညွတ်သောအချိန်တွင် နိုင်ငံတော်အနေဖြင့် ခိုင်မာစွာ ရပ်တည်နိုင်သော်လည်း တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုပြိုကွဲချိန်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မှုမရှိဘဲ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းလာခဲ့ရသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေး မြောက်မြားစွာ စတေးပေးဆပ်ပြီး နိုင်ငံရေးအောင်ပွဲကြီး ရရှိရန်အတွက် ကြိုးပမ်းခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း အချင်းချင်းစည်းလုံးညီညွတ်မှုမရှိ "ဝါဒစွဲ၊ ဂိုဏ်းဃဏစွဲ"များကြောင့် ပုန်ကန်မှုများ၊ အရေးအခင်းများ၊ ဆူပူအုံကြွမှုများ၊ တောင်းပွဲတိုက်ပွဲများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးလမ်းကြောင်းများမှ သွေဖည်ကာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်ခဲ့ရပြီး တစ်နိုင်ငံလုံးလည်း အေးချမ်းစွာ မနေရသည့်ဒဏ်ကို ပြည်သူလူထုတို့ နှစ်ပေါင်းလေးဆယ်ကျော် ခါးစည်းခံခဲ့ရကြောင်း၊ ဤသို့ ခါးစည်းခံခဲ့ရမှုကို

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရှမ်း ပြည်နယ် အမျိုးသားတပ်မတော်(ခွဲထွက်)မှ ဦးစိုင်းထွန်းစိန်လှ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

မိမိအပါအဝင် နိုင်ငံ့ဝန်ထမ်းအများစုလည်း တွေ့ကြုံခဲ့ကြောင်း၊ ခါးသီးလှသည့် သမိုင်းအမွေဆိုးများအပေါ် သင်ခန်းစာယူပြီး နိုင်ငံတော်က ယနေ့အချိန်အခါတွင် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးကို ရှေးရှုပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဦးတည်ချက်ရှိရှိ၊ ရည်မှန်းချက်ရှိရှိဖြင့် အနှစ်သာရအဓိပ္ပာယ် ပြည့်စုံကောင်းမွန်စွာ အကောင်အထည်ဖော် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရသော အမျိုးသားညီလာခံကြီးကို လူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ ပါဝင်သော အစုအဖွဲ့ရှစ်ဖွဲ့တို့က ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်ဖြင့် ဦးတည်ချက်(၆)ရပ်နှင့်အညီ ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဆက်လက်ကျင်းပ လျက်ရှိနေပြီဖြစ်ကြောင်း။

## အားရပါးရဆွေးနွေး

အမျိုးသားညီလာခံကြီးအောင်မြင်ပါမှ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မည် ဖြစ်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ ယနေ့ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးကြီးလှသည့် အခြေခံဥပဒေသစ်ကြီးပေါ်ထွန်းလာစေရေးအတွက် ကိုယ်စားလှယ်များ စုံစုံညီညီ ပွင့်ပွင့်လင်းလင်း အားရပါးရ ဆွေးနွေးအကြံပြုရေးဆွဲလျက်ရှိကြောင်း၊ မကြာမီ မဝေးတော့သည့် အနာဂတ်တွင် မိမိတို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော် ကြီးနှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးအတွက် အလွန်တန်ဖိုးရှိပြီး ကမ္ဘာ့

**ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝါဝါထွေးနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမိုးနန္ဒာကြည်တို့ ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

နိုင်ငံများကပင် အတုယူရလောက်အောင် ပြည့်စုံကောင်းမွန်သည့် အခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာတော့မည် ဖြစ်ကြောင်း။

ဤအခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာပြီးမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဆက်လက်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါသည် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထူထောင်သွားရမည့် အချိန်အခါကောင်းပင်ဖြစ်ကြောင်း။

**ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မြမောင် အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံ၌ ပြည်နယ်နှင့် တိုင်းအသီးသီးက လူထုလူတန်းစား အလွှာစုံတက်ရောက်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းကိုယ်စားလှယ် ၁၀၀၀ကျော်ထဲတွင် မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)က ကိုယ်စားလှယ်များလည်း တက်ရောက်ဆွေးနွေးလျက် ရှိကြကြောင်း၊ ၎င်းကိုယ်စားလှယ်များသည် မိမိတို့ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို မိမိတို့၏ကိုယ်စားဆွေးနွေးတင်ပြနေခြင်းဖြစ်ကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားများ၏ သဘောထားများသည် ညီလာခံကိုယ်စားလှယ်များ၏ သဘောထားနှင့် တစ်ထပ်တည်းဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်သဘောထားများသည် မိမိတို့တိုင်းရင်းသားများ၏ သဘောထားများပင်ဖြစ်၍ မိမိတို့တစ်တွေ တစ်ချိန်တည်း တညီတညွတ်တည်းစုဝေးပြီး မိမိတို့၏ စိတ်ဓာတ်နှင့်သဘောထားများကို ဖော်ပြခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ အမျိုးသားညီလာခံကြီးသည် အတော်ကို ခရီးရောက်လျက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးမည်မျှ အရေးကြီးသနည်း၊ အဘယ့်ကြောင့် အရေးကြီးသနည်းဆိုလျှင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ (Principle)အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ်နေသည့် ကျယ်ပြန့်နက်ရှိုင်းသော အမျိုးသားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုကြီးဖြစ်ခြင်းကြောင့်ပင် ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်မှ အခြေခံဥပဒေ ရေးဆွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေဖြစ်ပေါ်လာမှ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာနိုင်မည် ဖြစ်ကြောင်း။

ထိုဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိဖြင့် မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက် အကြမ်းဖျင်းအားဖြင့် အခြေခံလိုအပ်ချက်(၃)ချက်ရှိသည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း၊ ပထမအချက်သည် နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိရမှာဖြစ်ကြောင်း၊ ဒုတိယအချက်သည် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရန်လိုအပ်ကြောင်း၊ တတိယအချက်သည် ဒီမိုကရေစီစနစ်ကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူလူထု၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှု မြင့်မားစွာရှိနေရန် လိုအပ်ကြောင်း၊ ထိုလိုအပ်ချက်(၃)ရပ်ကို ရာနှုန်းပြည့်နီးပါး ပြည့်စုံအောင် နိုင်ငံတော် အစိုးရက တည်ဆောက် ဖော်ဆောင်ပေးနေကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မှန်ကန်သည့် အမျိုးသားနိုင်ငံရေး လမ်းစဉ်နှင့်အညီ ပြည်သူများ၏ ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ရင့်ကျက်မှု၊ လောကပါလတရားများ စောင့်ထိန်းနိုင်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့်သာ တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

## အရေးကြီးဆုံး

ဒီမိုကရေစီနိုင်ငံကို ထူထောင်သည့်နေရာတွင် ဖွဲ့စည်းပုံဖြင့် ခိုင်ခိုင်မာမာ တည်ထောင်မှ ခိုင်မာသော ဒီမိုကရေစီနိုင်ငံဖြစ်မည်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံ ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီးသည် ပထမအဆင့် အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်ပြီးစီးပါက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း။

**ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သက်နွယ်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

မကြာမီထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများထက်ပိုမိုပြည့်စုံအနှစ်သာရရှိပြီး ခေတ်မီသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နိုင်သည်ဆိုသည်ကို လေ့လာကြည့်လျှင် သိနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အသင့်တော်ဆုံး အခြေခံဥပဒေထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုကြခြင်းပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့နိုင်ငံသားများသည် ကိုယ်ပိုင် အမျိုးသားရေးခံယူချက်၊ ကိုယ်ပိုင် အမျိုးသားနိုင်ငံရေးလမ်းကြောင်း ခိုင်ခိုင်မာမာရှိပြီးသားဖြစ်ကြောင်း၊ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် အတိတ်သမိုင်းကြောင်းမှ အတွေ့အကြုံကို သင်ခန်းစာယူပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် ဦးတည်ကျင်းပနေခြင်းဖြစ်ကြောင်း၊ အတိတ်သမိုင်း အတွေ့အကြုံများကို သင်ခန်းစာယူပြီး ညီညီညွတ်ညွတ်ဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ချီတက်ရန်အချိန်ဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်သို့ တက်ညီလက်ညီ လှမ်းတက်ကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးမှသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးတို့က လက်တွဲညီညီ ဝိုင်းဝန်းပြီး အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်တည်ဆောက်ကြပါဟု တိုက်တွန်းပြောကြားသွားသည်။

## အဆိုတင်သွင်း

ထို့နောက် လှိုင်လင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်ဒီဂေါ်က အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံကြောင်း အဆိုကိုတင်သွင်းရာတွင် နိုင်ငံတော်က တစ်မျိုးသားလုံး အပေါ်၌ ထားရှိသည့် စေတနာသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကြီး ပေါ်ထွန်းလာရေးဖြစ်ပြီး ဤရည်မှန်းချက် အောင်မြင်စေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည် ဖော်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အစိုးရ၏ ၁၇နှစ်တာကာလ၌ မနားမနေ ကြိုးပမ်းအားထုတ် ဆောင်ရွက်လာခဲ့မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ဆိုသည်တို့မှာ အထင်အရှားဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသောနိုင်ငံရေးဦးတည်ချက် (၄)ရပ်၌ ခိုင်မာသည့်ဖွဲ့စည်းပုံ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

# အထူးသဖြင့် မိမိတို့တိုင်းရင်းသား၊ နိုင်ငံသားများအတွက် မူလအခွင့်အရေး၊ တာဝန်နှင့်စပ်လျဉ်း၍ အခြေခံမူများပါရှိ

☆ စာမျက်နှာ ၁၀မှ
အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည်တို့ ပါရှိကြောင်း။

**စတင်ကျင်းပခဲ့**

ထို့ကြောင့် အခြေခံဥပဒေသစ် ရေးဆွဲနိုင်ရန်အတွက် ၁၉၉၀ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို တရားမျှတစွာဖြင့် ကျင်းပပေးခဲ့သကဲ့သို့ ၁၉၉၂ခုနှစ် အောက်တိုဘာလတွင် ညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသား ညီလာခံကြီးကို စတင်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးက ယနေ့အထိ ဆောင်ရွက်ပြီးသည့် လုပ်ငန်းများကို ကြည့်လျှင် အခြေခံမူ(၁၀၄)ချက်ကို ပီပီပြင်ပြင် ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ကြောင်း။

ယနေ့ အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆွေးနွေးချမှတ်ထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အားလုံးကို ခြုံငုံလေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အလွန်အကျိုးရှိပြီး ပြည့်စုံစွာ စဉ်းစားဆွေးနွေး ချမှတ်ထားသည့်အတွက်ကြောင့် မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရကို နှစ်ထောင်း အားရဖွယ် တွေ့မြင်နေရသည်ဟု ပြောကြားလိုကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်များမှာ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ကောင်းမြတ်သော အချက်ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ဤအချက်သည် ဒို့တာဝန်အရေးသုံးပါးနှင့် အခြေခံဥပဒေကို ကာကွယ်ရန်အတွက် တာဝန်ယူလိုက်ခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သည် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် အစဉ်ခိုင်မာစွာ ရပ်တည်နေသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာအောင် ဆောင်ရွက်လျက်ရှိသည့်အတွက် အနာဂတ်၌လည်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးသည် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားနှင့် တစ်ထပ်တည်းဖြစ်သည်ဟု အလေးအနက် ပြောကြားလိုကြောင်း။

**သာဓကအဖြစ်တွေ့နိုင်**

တပ်မတော်သည် တပ်မတော်၏ ဗီဇမူလကတည်းက ဒီမိုကရေစီကို ဦးစားပေးခဲ့ခြင်းဖြစ်သည်ဆိုသည်ကို ၁၉၄၅ခုနှစ် အမျိုးသားရေးဦးတည်ချက်၌ လွတ်လပ် ရေးနှင့် ဒီမိုကရေစီအရေးကို ဦးတည်ခဲ့သည်ကို သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း။

အနာဂတ် ပြည်ထောင်စုနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီးအတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်ကြောင်း။

ယခု အခြေခံဥပဒေ၌ အားနည်းချက် အဖျက်မျိုးစေ့မပါအောင် အချိန်ယူပြီး စိစစ်ဝေဖန် သုံးသပ်ကာ အသေးစိတ်အခြေခံရမည့်မူများကို အလေးအနက် ချမှတ်လျက်ရှိ သည်ဟု ထင်မြင်ယူဆနိုင်ကြောင်း။

ယနေ့ဆိုလျှင် အမျိုးသားညီလာခံကြီးသည် ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိသည့်အပြင် အမျိုးသားညီလာခံကြီး အောင်မြင်ပါမှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အခြား နည်းလမ်း မရှိသည်ကိုလည်း လေ့လာတွေ့ရှိနိုင်မည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်

- **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်ကိုက်ညီသင့်လျော်မည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီညီ ချီတက်ကြပါစို့၊**
- **နိုင်ငံတော်၏ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင် တည်ဆောက်ကြပါစို့၊**
- **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများအားလုံး လက်တွဲညီညီ ကြိုဆိုထောက်ခံကြပါစို့**

လို့ ပြောကြားရင်း မိမိ၏ အမျိုးသားညီလာခံအောင်မြင်ရေး အဆိုကို လှိုက်လှိုက်လှဲလှဲ တင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရှမ်းပြည်အမျိုးသားတပ်မတော် (ခွဲထွက်) မှ ဦးစိုင်းထွန်းစိန်လှက ထောက်ခံဆွေးနွေးတင်ပြရာတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်ကို မလွှဲမရှောင်သာ တာဝန်ယူပြီးနောက် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် (၁၂)ရပ်တို့ကို နိုင်ငံတော်မူဝါဒများအဖြစ်ခံယူပြီး တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အတွက် အမျိုးသားနိုင်ငံရေးလုပ်ငန်း တာဝန်အဖြစ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းထုတ်ပြန်ပြီး အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

**မော်ကွန်းတင်ထား**

မိမိတို့ပြည်ထောင်စုကြီးတွင် ရေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးများသည် မြန်မာ့မြေပေါ်၌ ပေါက်ဖွားကြီးပြင်းလာကြပြီး အတူတကွ နေထိုင်လာခဲ့ကြသည်ကို သမိုင်းမှာမော်ကွန်းတင်ထားပြီးဖြစ်ကြောင်း၊ နေထိုင်ရာဒေသ၊ ပြောဆိုသည့် ဘာသာစကား၊ ယဉ်ကျေးမှုများအရ ပြည်နယ်အခေါ်အဝေါ်၊ လူမျိုးအမည်များ ကွဲပြားခြားနားကြသော်လည်း ပြည်ထောင်စုကြီးအတွင်း၌ ခေတ်အဆက်ဆက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြခြင်းကြောင့် ပြည်ထောင်စုကြီး ရာသက်ပန်တည်တံ့ ခိုင်မြဲနေစေရန် အထူးပင်အရေးကြီးကြောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲအောင်တပ်မတော်အစိုးရက ချမှတ်လုပ်ဆောင်နေသော ဦးတည်ချက် (၁၂)ရပ်ကို မိမိတို့ပြည်သူများက အစွမ်းကုန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်းမိမိတို့အဖွဲ့အစည်းသည် ၁၉၉၆ခုနှစ်တွင် ငြိမ်းချမ်းရေး ရယူပြီး အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲလျက် ဒေသ အတွင်း၌ လမ်း၊ တံတား၊ စာသင်ကျောင်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာစန်းသန္တာနိုင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ယခုကျင်းပသည့် အမျိုးသားညီလာခံကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တစ်ရပ်ပေါ်ပေါက်လာစေရန် နိုင်ငံတစ်နိုင်ငံ၌ မရှိမဖြစ်သည့် ဥပဒေများ၏ မိခင်ဟု တင်စားခေါ်ဆိုရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာအောင် ညီလာခံကိုယ်စားလှယ်ကြီးများသည် နိုင်ငံတကာအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၌ ရှိခဲ့ဖူးသည့် အခြေခံဥပဒေများကို အဘက်ဘက်က လေ့လာကြပြီး စိတ်ရှည်လက်ရှည်ဖြင့် စုပေါင်းဆွေးနွေး ဆုံးဖြတ်ချက်များချကာ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံမူများထဲတွင် နိုင်ငံတော်ကို ပြည်ထောင်စုပုံစံဖြင့် ဖွဲ့စည်းတည်ဆောက်မည့်အကြောင်း၊ ပြည်ထောင်စု၏ နယ်မြေမှန်သမျှကို ပြည်ထောင်စုကြီးထဲက မည်သည့်အခါမှ ခွဲထွက်ခွင့်ပြုမည် မဟုတ်ကြောင်း၊ နိုင်ငံတော်၌ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဖြစ်သည့်အကြောင်း၊ စီးပွားရေး၌လည်း ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အကြီးအကဲနှင့် အုပ်ချုပ်ရေးအကြီးအကဲအဖြစ် နိုင်ငံတော်၏ အထွတ်အထိပ်နေရာ၌ ရှိမည်ဖြစ်ကြောင်းတို့ကို သုံးသပ်လေ့လာတွေ့ရှိရကြောင်း။

**အပြန်အလှန်ထိန်းကျောင်းထား**

ထို့အပြင် မိမိတို့ မဲဆန္ဒရှင်ပြည်သူများ၏ မူလအခွင့်အရေးအရ နိုင်ငံတော်သစ်၌ ပေါ်ထွန်းလာမည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကိုလည်းလူတော်၊ လူကောင်းများကို ရွေးချယ်စေလွှတ်ပေးနိုင်ကြမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကိုခွဲဝေပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းထားသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

အထူးသဖြင့် မိမိတို့ တိုင်းရင်းသား၊ နိုင်ငံသားများအတွက် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်နှင့် စပ်လျဉ်းသည့် အခြေခံမူများပါရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အလုပ်သမား၊ တောင်သူလယ်သမား၊ လူငယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများ အကျိုးကိုလည်း ရှေးရှုပြီး အခြေခံမူများ ချမှတ်ထားကြောင်း။

မိုးနဲမြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်ဝင်း အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

**ချမှတ်ထား**

နိုင်ငံသူနိုင်ငံသားများ၏ အခြေခံအကျဆုံးဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီးတော့လည်း အခြေခံမူတွင် မလစ်ဟင်းရအောင် ထည့်သွင်းချမှတ်ထားကြောင်း၊ စိုက်ပျိုးရေး၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်က ကူညီပံ့ပိုးပေးမည့်အကြောင်း ပါရှိကြောင်း၊ ဘာသာရေး၊ စီးပွားရေးများကိုလည်း ကျင့်သုံးမည့် စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့သည် မိမိတို့တစ်တွေ မျှော်လင့်တောင့်တပြီး ဖြစ်စေချင်သည့် အချက်များ အားလုံး ပါဝင်၍ အထူးအားရဝမ်းသာထောက်ခံပါကြောင်းကို ပြောကြားလိုကြောင်း။

ကျင်းပဆဲအမျိုးသားညီလာခံကြီးကို ကြည့်လိုက်လျှင် ကေသရာဇာ ခြင်္သေ့မင်း၏အဆီသည် သိင်္ဂီရွှေခွက်ဖြင့် တင့်တယ်နေသကဲ့သို့ အမျိုးသားညီလာခံကြီးသည်လည်း အနှစ်သာရရှိသော ဦးတည်ချက်များ၊ အခြေခံမူများဖြင့် ပေါင်းစပ် ကျင်းပနေခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီး၍ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးပေါ်လာမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အမျိုးသားညီလာခံကြီး ပျက်စီးရာ ပျက်စီးကြောင်း ပြောဆို၊ ကြံဆောင်လုပ်ကိုင်နေသည့် ကိစ္စမှန်သမျှကို ပြည်သူများအားလုံးသည် ပြည်သူ့စွမ်းအား၊ စည်းလုံးညီညွတ်မှု စွမ်းအားတို့ဖြင့် တွန်းလှန်ဖယ်ရှားရမည် ဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် မိမိတို့ ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း။

မိမိတို့ နိုင်ငံတော်နှင့် ပြည်သူများအတွက် အသက်တမျှ အရေးကြီးသည့် အခြေခံဥပဒေကြီးပေါ်ပေါက်ရေးကို ဖော်ဆောင်နေသော အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မိမိတို့ တိုင်းရင်းသားပြည်သူများက လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေး တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆) ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်မှ ဦးခွန်မြမောင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်ကို ပြန်လေ့လာကြည့်လိုက်သည့်အခါ ကိုယ့်မင်းကိုယ့်ချင်းဘဝကနေ သူ့ကျွန်ဘဝ ရောက်ခဲ့ပြီးသည့်နောက် လွတ်လပ်သော နိုင်ငံတော်ကြီးပြန်ဖြစ်အောင်၊ တစ်နည်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံအတွက် အခြေခံအုတ်မြစ်ကောင်း ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ တပ်မတော်ပင်ဖြစ်ကြောင်း၊ တပ်မတော်နှင့် လွတ်လပ်ရေးသည် ခွဲခြားမရခဲ့သကဲ့သို့ နောက်ပိုင်းသမိုင်းဖြစ်စဉ်များကို ကြည့်လိုက်ပြန်လျှင် နိုင်ငံတော်နှင့် တပ်မတော်သည် ခွဲခြား၍မရအောင်ကို ဆက်စပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

**အခြေခံအုတ်မြစ်ချမှတ်**

မြန်မာနိုင်ငံသမိုင်း၌ အရေးကြုံတိုင်း သစ္စာရှိရှိ တာဝန်သိသိဖြင့် အမျိုးသားရေးကို ရှေ့တန်းတင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သည် ဒီမိုကရေစီ နိုင်ငံတော်သစ်၌ အရေးကြုံမှ ဝင်ကုရမည့်အစား ပြည်သူလူထုနှင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုခရီးတွင် ပူးပေါင်းပါဝင် လက်တွဲသွားသင့်ကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံမူများတွင် လွှတ်တော်အဆင့်ဆင့်ကို ဖွဲ့စည်းရာ၌ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များအပြင် တပ်မတော် ကိုယ်စားလှယ်များလည်း လေးချိုးတစ်ချိုးပါဝင်ပြီး ဖွဲ့စည်းမည်ဟု ချမှတ်နိုင်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ ၎င်းသည် တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ အရောက်လှမ်းနိုင်ရန် ခိုင်မာသော အခြေခံအုတ်မြစ်ကို ချမှတ်လိုက်ခြင်းပင် ဖြစ်ကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပတ်သက်ပြီး မိမိတို့ ရှမ်းပြည်နယ်၌ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ကိုးကန့် စသော တိုင်းရင်းသားများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရရှိကြမည်ဖြစ်ပြီး မိမိတို့၏ ဒေသအကျိုး၊ တိုင်းရင်းသားများ၏ အကျိုးကိစ္စများကို ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်ကြောင်း။

ယခုရေးဆွဲလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ဒီမိုကရေစီနည်းလမ်းကျစွာ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့အတွက် အခွင့်အရေး တန်းတူညီမျှမှုရှိအောင် ဆောင်ရွက်ပေးထားသည် ဆိုသည်ကိုလည်း တွေ့ရှိရကြောင်း၊ ချမှတ်ပြီးဖြစ်သော အသေးစိတ်အခြေခံမူများအားလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် အနှစ်သာရ ပိုမိုပြည့်စုံပြီး ခေတ်မီသည့် အခြေခံမူများဖြစ်သည်ဆိုသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) နယ်မြေအတွင်းကိုကြည့်လျှင် နယ်မြေအေးချမ်းသာယာမှု ရရှိလာသည်နှင့်အမျှ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို သိသာထင်ရှားစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**အောင်မြင်မှုများဖြစ်**

နယ်မြေဒေသငြိမ်းချမ်းရေးရရှိခဲ့သည့် (၁၅)နှစ်တာ ကာလအတွင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာမှုများသည် နယ်မြေအေးချမ်းသာယာမှုနှင့် မှန်ကန်သည့်နည်းလမ်းများ ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ရရှိလာသော အောင်မြင်မှုများဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများသည် မိမိတို့ ဒေသနှင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ကောင်းမွန်သော ရလဒ်များဖြစ်သကဲ့သို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၏ အရိပ်အယောင်များပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသနှင့် နိုင်ငံတော်ကြီးအတွက် အကျိုးရှိသော လုပ်ငန်းတာဝန်များကို ဒေသခံတိုင်းရင်းသား ပြည်သူများ အားလုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ယခင်က တရားဥပဒေစိုးမိုးမှုအားနည်းခဲ့ပြီး အေးချမ်းတည်ငြိမ်မှု မရရှိခဲ့သည့်အပြင် အသက်ဘေးအန္တရာယ် စိတ်ချလုံခြုံမှု မရှိခဲ့သော အင်တော၊ ကျောက်ကူဒေသသည် ယနေ့ဆိုလျှင် သွားလာမှုလွယ်ကူမြန်ဆန်ပြီး နယ်မြေတည်ငြိမ် အေးချမ်းကာ ဒေသအတွင်း ဖွံ့ဖြိုးမှု အတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) တို့ကို အဓိကဆက်သွယ်ပေးနေသည့် လမ်းမကြီးတစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွန်းတည်ရှိနေပြီဖြစ်သည်ဆိုသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး နယ်မြေ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် တောင်ကြီးမြို့မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသကို မော်တော်ယာဉ်ဖြင့် သွားမည်ဆိုလျှင် ၇ ရက်မှ ၁၀ ရက် အကြား ကြာမြင့်ခဲ့သော်လည်း ယနေ့တွင်တော့ ထိုခရီးလမ်းကို တစ်ညအိပ် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❖

※ စာမျက်နှာ ၁၁ မှ

နှစ်ရက်အတွင်း လွယ်လွယ်ကူကူ ဆက်သွယ်သွားလာနေနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကဏ္ဍစုံသည်လည်းဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့ကဲ့သို့အချိန်အခါမျိုးတွင် အမျိုးသား ညီလာခံကြီးအောင်မြင်ရေးသည် အလွန်အရေးကြီးသည့်အတွက် အပြည့်အဝ အောင်မြင်မှုများရရှိအောင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု ပြောကြားရင်းအဆိုရှင်၏အဆိုကို လိုက်လိုက်လှဲလှဲ အလေးအနက်ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သက်နွယ်ဦးက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံသည် အေးချမ်းတည်ငြိမ်မှုရှိရန် တရားဥပဒေနှင့် ထိန်းညှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် တည်ငြိမ်အေးချမ်းသော နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် မရှိမဖြစ်အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်မာမှုမရှိလျှင် ထိုနိုင်ငံသည် တည်တည်ငြိမ်ငြိမ် ရပ်တည်ရှင်သန်နိုင်ရန်ခက်ခဲကြောင်း။

ယနေ့ မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရန်အရေးသည် ပထမအဆင့်ကျင်းပလျက်ရှိသောအမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်မှ ဖြစ်မှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အတွက် အထူးလိုအပ်နေသည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်တစ်ဝန်းလုံးက တိုင်းရင်းသားညီအစ်ကိုပေါင်းစုံ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အရွေးချယ်ခံကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစရှိသည့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြီး လေးလေးနက်နက် တိုင်ပင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမည့်မူများကို ကိုယ်စားလှယ်များသည် အဘက်ဘက်က လေ့လာဆည်းပူး ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးမှ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်ဟု သိရကြောင်း၊ ယင်းသို့ဆွေးနွေးကြရာတွင် ညီလာခံကိုယ်စားလှယ်များသည် ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်၏ သဘာဝအခြေအနေများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့စရိုက်ပုံစံများနှင့်လည်း ကိုက်ညီမည့်ပြဋ္ဌာန်းချက်များကို အချိန်ယူပြီးအကျေအလည်ဆွေးနွေးဆောင်ရွက်ခွင့်ရနေကြပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးများနှင့် ပတ်သက်၍လည်း နိုင်ငံတကာအလယ်တွင် သိက္ခာကျအောင် အားမနာတမ်း စွပ်စွဲချက်တွေ ထုတ်ထားကြောင်း။

မိမိတို့အမျိုးသမီးရေးရာအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်၊ လူကုန်ကူးမှုမှ ကာကွယ်ရန်၊ ပြုစု ပျိုးထောင်ပေးရန်၊ ဘဝမြှင့်တင်ရန်ဆိုသည့် ရည်ရွယ်ချက်များ ချမှတ်ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အမျိုးသမီးများအား လူကုန်ကူးမှုမှ ကာကွယ်တားဆီးပေးလျက်ရှိကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်ပေါင်းစုံမှ တိုးတက်လာစေရန်အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၊ပြည်သူနှင့် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ ပူးပေါင်းပြီး အမျိုးသမီးများ၏ အကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်လျက်ရှိသည့် အမျိုးသားညီလာခံသည် သမိုင်းအတွေ့အကြုံ သင်ခန်းစာတွေရယူပြီး အသစ်ဖြစ်ပေါ်လာမည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်များနည်းနိုင်သမျှနည်းအောင်၊ ကင်းနိုင်သမျှကင်းအောင် အချိန်ကန့်သတ်ချက်မထားဘဲ အချိန်ယူ တိုင်ပင်ဆွေးနွေးလေ့လာဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဦးထိပ်ပန်ဆင်ကြသည့် ညီလာခံကိုယ်စားလှယ်များသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးဂရုထားပြီး ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆောင်ရွက်လျက်ရှိကြပါကြောင်း။

တပ်မတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများရဲ့အကျိုးစီးပွားကို ရှေးရှုမျှော်ကိုးပြီး စေတနာထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထူးဖွံ့ဖြိုးရေးဇုန် ဒေသကြီး ၂၄ခုသတ်မှတ်ဆောင်ရွက်လျက်ရှိသည်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အနေဖြင့် တောင်ကြီးနှင့် ပင်လုံဖွံ့ဖြိုးရေးဒေသနှစ်ခု သတ်မှတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခင်က မိမိတို့ ရှမ်း ပြည်နယ်၏ ရထားလမ်းဆုံးမြို့သည် ရွှေညောင်မြို့ဖြစ်သော်လည်း ယနေ့အချိန်မှာတော့ မီးရထားလမ်းသည် တောင်ကြီး၊ ဆိုက်ခေါင်၊ မိုးနဲဒေသများကို ဖြတ်ကျော်ပြီး နမ့်စန်မြို့ အထိ ခရီးပေါက်သွားခဲ့ပြီဖြစ်ကြောင်း။

## မေတ္တာပေါင်းကူး

ဖြတ်ကျော်သွားလာရန်ခက်ခဲလှတဲ့ ပွန်ချောင်းကို ဖြတ်ကျော်ပြီး တံတားကြီးအောင်မြင်စွာ တည်ဆောက်နိုင်ခဲ့၍ ယခင်ကနှင့်မတူ လွယ်လင့်တကူ ဖြတ်ကျော်ကူးသန်းသွားလာနိုင်ပြီဖြစ်သည့်အတွက် ယခင်က အနေနီးသော်လည်း ဆက်သွယ်သွားလာမှု ခက်ခဲခဲ့သည့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဒေသနှင့် ရှမ်းတိုင်းရင်းသားတို့၏ ဒေသနှစ်ခုအကြား မေတ္တာပေါင်းကူး တံတားကြီးသဖွယ်တည်ရှိနေတာ မျက်မြင်တွေ့ရှိနေရပြီဖြစ်ကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတော်ကြီးအတွင်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ဆောင်ရွက်နေသော အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်း ပေါ်ပေါက်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဖြစ်၍ သမိုင်းတွင် စာတင်ရမည့် ဂန္ထဝင်မြောက် ကျင်းပပေးနေသော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက် လိုက်လိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ထို့နောက်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာစန်းသန္တာနိုင်ကထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးဖြစ်သည့်အခြေခံမူ (၁၀၄) ချက်ထဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်ပြီး "နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်"ဟု ဖော်ပြထားသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်သည်ကိုလည်း တွေ့ရပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ပေးရန်ဖြစ်သကဲ့သို့ မူလတန်းပညာကို အခမဲ့သင်ခွင့်နှင့်အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့် ပညာရပ်များ သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းသည် အမျိုးသားပညာရည်မြင့်မားရေး၊ ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးတို့အတွက် အခြေခံဆောင်ရွက်ချက်များပင်ဖြစ်ပါကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသကို လေ့လာကြည့်လျှင် ၁၉၈၈ ခုနှစ် မတိုင်မီကအထိ တက္ကသိုလ်ဆိုတာ တစ်ကျောင်းမျှမရှိခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်၌ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်များအပြင် အစိုးရကွန်ပျူတာကောလိပ် နှစ်ကျောင်း၊ အစိုးရနည်းပညာကောလိပ် နှစ်ကျောင်းနှင့် ပညာရေးကောလိပ်တစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းတွင် အထက်တန်းကျောင်း ၅၀၊ အထက်တန်းကျောင်းခွဲ ၃၁ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၂၄ ကျောင်း၊ အလယ်တန်းကျောင်း၁၁၅ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၇ ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၄၇ ကျောင်း၊ မူလတန်းကျောင်း ၂၁၇၈ကျောင်း၊ မူလတန်းကျောင်းခွဲနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၂၀ ရှိနေတာကို တွေ့ရပါကြောင်း၊ ဒါ့အပြင် ယခင်က မရှိခဲ့သည့် ခေတ်မီပညာရေးစနစ်အတွက် ပြည်နယ်အတွင်းတွင် Multi Media Classroom တပ်ဆင်ပြီး ကျောင်းအရေအတွက် ၄၉ ကျောင်း၊ 3 Plateform သုံးကျောင်း၊ 2 Plateform ၃၅ ကျောင်း၊ 1Plateform ၁၁၇၇ ကျောင်းရှိခဲ့ပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ယခင်က ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးတစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ခုတင် ၂၀၀ ဆံ့ ဆေးရုံသုံးရုံ၊ ခုတင်၁၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ ၁၂ ရုံအထိ တိုးချဲ့ဖွင့်လှစ်ကုသပေးလာနိုင်တာတွေ့ရှိရကြောင်း၊ လျှပ်စစ်စွမ်းအားကဏ္ဍအနေဖြင့်လည်း ဇော်ဂျီရေအားလျှပ်စစ်အပြင် တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် နိုင်ငံအတွက် ကောင်းမွန်ပြည့်စုံသည့်အနာဂတ်ကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ညှိနှိုင်းတိုင်ပင်ရေးဆွဲနေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေသကဲ့သို့ လွတ်လပ်သည့်နိုင်ငံတော်ပီပီ မိမိတို့နိုင်ငံ၏ ကောင်းကျိုးချမ်းသာကို မိမိတို့ပြည်သူလူထုကသာ လွတ်လွတ်လပ်လပ် ဖော်ဆောင်အကောင်အထည်ဖော်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုကိုယ်စားလှယ်များအားလုံး အလေးအနက်ညှိနှိုင်းတိုင်ပင် ဆွေးနွေးဖော်ဆောင်နေတာဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မိုးနဲမြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်ဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင်ကမ္ဘာပေါ်မှာရှိသည့် မည်သည့်နိုင်ငံမဆို နိုင်ငံတော်အာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ခွဲဝေပိုင်းခြားပြီး ကျင့်သုံးကြကြောင်း၊ ထိုအာဏာ သုံးရပ်မှာ ဥပဒေပြုရေးအာဏာသည် အရေးကြီးလှကြောင်း၊ ခေတ်မီနိုင်ငံတော်ကြီးဖြစ်ရန်၊ စီးပွားရေး ခိုင်မာတောင့်တင်းရန်၊ ပြည်သူတွေ့၏ အခွင့်အရေးများ ရယူသုံးစွဲနိုင်ရန်၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် အဖျက်အန္တရာယ်များကို ကာကွယ်ရန်ဆိုသည်များမှာဥပဒေပြုပြီး ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့် မူများသည် တစ်နိုင်ငံလုံးအတွက်သာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပုဂ္ဂလိကတစ်ဦးချင်းစီအတွက် ကိုယ်စားပြု၊ အကျိုးပြုနေသည့် အခြေခံအချက်များဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးအာဏာ ကဏ္ဍတွေကို ကဏ္ဍကြီး ၁၁ ရပ် သတ်မှတ်ထားပြီး ပြည်ထောင်စုကြီးတစ်ခုလုံးကို လွှမ်းခြုံဆောင်ရွက်ရမည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍ သုံးခုကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အာဏာအပ်နှင်းထားသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံတိုင်းအတွက် အသက်တမျှအရေးကြီးသည့်ကိစ္စဖြစ်၍ ဥပဒေတစ်ခုတည်းအောက်တွင် တောင့်တင်းသည့် ကာကွယ်ရေးအင်အားကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအင်အား ချိနဲ့ခဲ့၍ ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့ရသည်ကိုအစဉ်အမြဲသတိရှိနေရန်လိုအပ်သကဲ့သို့ နိုင်ငံတကာကို လေ့လာလျှင်လည်း တစ်ချိန်က ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ ပြည်နယ်အသီးသီးတွင် ကိုယ်ပိုင်စစ်တပ်များ ဖွဲ့စည်းခွင့်ပြုထားခဲ့၍ ပြည်တွင်းရေးပဋိပက္ခ ပြင်းထန်လာချိန်တွင် လွယ်လွယ်ကူကူ စစ်မီးတောက်လောင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲခဲ့သည်ကို တွေ့မြင်ရမှာ ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံခြားရေးကိစ္စရပ်များသည် တစ်နိုင်ငံလုံးကို ခြုံငုံသုံးသပ် ချမှတ်ဆောင်ရွက်ရသည့် ကိစ္စမျိုးဖြစ်သည့်အပြင် တရားစီရင်ဆုံးဖြတ်ရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေးဘဲ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် တရားဥပဒေ တစ်မျိုးတည်းသာ ရှိသင့်သည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

အချို့ပြည်ထောင်စုနိုင်ငံများတွင် ပြည်နယ်တစ်ခုနှင့်တစ်ခု ပြဋ္ဌာန်းထားသည့် ဥပဒေများမတူညီမှုကို မသမာသူများကခုတုံးလုပ်ပြီး အသုံးချနေသဖြင့် ပြဿနာများနှင့်ရင်ဆိုင်နေရသည်ကို လေ့လာတွေ့မြင်နိုင်ကြောင်း။

ယခု ကျင်းပနေသည့် အမျိုးသားညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ အခြေအနေကိုလေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ချို့ယွင်းချက်၊ အားနည်းချက်အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် စီစဉ်ချမှတ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံမှာ ရေးဆွဲချမှတ်နေသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများဟာ အဘက်ဘက်က ဟာကွက်၊ ပျော့ကွက်မရှိအောင် စေ့စေ့စပ်စပ် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ထားကြတာဖြစ်လို့ ဒီမိုကရေစီရဲ့ အနှစ်သာရများ ပြည့်ပြည့်ဝဝ ပါဝင်ပြီး ပြည်သူတွေရဲ့အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် အခြေခံဥပဒေသစ်ကြီး မလွဲမသွေ ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားညီလာခံကြီးအောင်မြင်အောင် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်နှင့်အညီ ညီလာခံကြီးကို ပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်ဟန့်တားကြမည့် အန္တရာယ်များကိုလည်း ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ချေမှုန်းတိုက်ဖျက်ကြရမှာဖြစ်ကြောင်းတင်ပြရင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၁၀နာရီ ၅မိနစ်တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

# ပခုက္ကူဦးအုံးဖေ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

**ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် (၁၃)ကြိမ်မြောက်အဖြစ်ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေ စာပေဆု ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။**

ကဗျာပေါင်းချုပ်ဆုတွင် သန်းအောင် (အညာမြေ) ရေးသားသည့် "အမေ့အလှ ပန်းအလှ"က ပထမ၊ ရွှေမြိုင်မောင်ဖူးဝါ ရေးသားသည့် "နှင်းခွဲမီး"က ဒုတိယ၊ မောင်အုန်းသောင်း(မကွေး) ရေးသားသည့် "ပွင့်တူ ရွက်တူ"က တတိယရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် သိန်းသန်းဝင်း(မလှိုင်) ရေးသားသည့် "နွယ်ပန်းခွာညို ပွင့်ဝေလိုပြာသို ဆောင်းလလယ်"က ဒုတိယ၊ ပုသိမ်အောင်သန်းဦး ရေးသားသည့် "တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆက္ကာလိမ့်မယ်"က တတိယဆုရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင်မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) ရေးသားသည့် "မွေးမေကို ဘယ်လိုပြောရမယ်နှင့် အခြား ဝတ္ထုတိုများ"က ဒုတိယ၊ မောင်စိုးထိုက်(သုံးဆယ်) ရေးသားသည့် "ဘဝပုံရိပ် အတိတ်ပန်းချီ ဝတ္ထုတိုများ"က တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် တင်ထွန်းဦး (ယဉ်ကျေးမှု) ရေးသားသည့် "မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဆိုင်းတူရိယာများ"က ပထမ၊ တင်မြင့်ရေးသားသည့် "အညာကျေးက ပညာရေးခရီးသည်"က ဒုတိယ၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)ရေးသားသည့် "တောင်စွန်းဇရာ ရောင်စုံဖြာနှင့် အခြားဆောင်းပါးများ"က တတိယရရှိကြသည်။

သုတေသနစာပေဆုတွင် ထန်လှိုင် ရေးသားသည့် "အိုးစာ"က ပထမ၊ နီငြိမ်း(အညာတက္ကသိုလ်) ရေးသားသည့် "အညာကျေးလက် စာပေဥယျာဉ် စာသဘင်"က ဒုတိယ၊ ခင်ဦးမောင် ရေးသားသည့် "အထက်အညာရွာက မြန်မာ့စဉ့်လုပ်ငန်း"က တတိယ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၅ခုနှစ် "တစ်သက်တာစာပေဆု"အတွက် ဆရာမကြီး ဒေါ်သိန်းဆိုင် (မမြတ်လေး)အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီမှ နှစ်စဉ်ချီးမြှင့်နေကျဖြစ်သည့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုများကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မဝါဝါအေးကျော် (ဒုတိယနှစ်၊ပန်းချီအထူးပြု)နှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ မချစ်ပုံ့ပုံ့ (ပထမနှစ်၊ ဂီတအထူးပြု)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများအဖြစ် ချစ်စံဝင်းရေးသားသည့် "မြန်မာ့မြို့ဟောင်း တကောင်း ရုပ်ပုံလွှာ"နှင့် ဒေါက်တာသက်လွင်ရေးသားသည့် "မြိုင်မြို့နယ်ဖွား စာဆိုများ"ကို စာကြည့်တိုက် ကော်မတီက ရွေးချယ်လိုက်သည်။

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲကို ဇန်နဝါရီ ၁၉ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါအမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀၊ စာတည်းမှူး ဖုန်း-၂၄၀၀၄ရနှင့် ဌာနခွဲမှူး (စီမံ)(တာဝန်ခံ) ဖုန်း-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် ဇန်နဝါရီ ၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်သတင်းပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

**မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမြှောင်ကန် ကျေးရွာရှိ ပုဗ္ဗာရုံဘုန်းတော်ကြီး ကျောင်းအတွင်း၌ စက်ရေတွင်း တူးဖော်ရန်အတွက် ရှိုင်းဟုတ်ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်ခင်ရီ မိသားစုက ငွေကျပ် သိန်း၃၀ကို အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဦးဇနိတ (ရေနံချောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဆုချီးမြှင့်

**ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ပဥ္စမတန်းမှ မြို့နယ်ဘက်စုံနှင့် ကျောင်းလုပ်ငန်း ထူးချွန်ဆုရ မောင်ကျော်လင်းကိုကိုအား ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ကန်တော်မင်္ဂလာ ပန်းခြံအတွင်းရှိ Happy World ကလေးကစားကွင်း၌ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်း ကန်တော်မင်္ဂလာပန်းခြံအတွင်းရှိ Happy World ကလေးကစားကွင်း၌ ယနေ့ ညနေ၅နာရီခွဲခန့်တွင် ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားသည်။

မီးစတင်လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ကားများ ရောက်ရှိပြီး မီးငြိမ်းသတ်ကြသဖြင့် ည ၇ နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေးနှင့် လုံခြုံရေးကိစ္စများကို စီမံဆောင်ရွက်ပေးခဲ့ကြသည်။ (သတင်းစဉ်)

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

## ရွှေပါရမီ အထူးတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)သည် ဇန်နဝါရီ၁၆ ရက်၊ ဖေဖော်ဝါရီ ၂ရက်၊ ၃ ရက်နှင့် ၄ ရက်များတွင် သီရိမင်္ဂလာလမ်း အောင်ချမ်းသာရပ်ကွက် စမ်းချောင်းမြို့နယ်၌ ညစဉ် ၇နာရီမှစ၍တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်မြို့ ဆုထူးပန်ဆရာတော်၊ တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော်၊ ရန်ကုန်မြို့ မဟာသီဟနာဒ ဆရာတော်တို့၏တပည့် ကမ္မဋ္ဌာန်းနည်းပြ အရှင်ကုဋ္ဌမလ [တက္ကသီလဓမ္မာစရိယ (B.A) မဟာဓမ္မာစရိယ (M.A)] က သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဝါးတောမြတ်မွန်ဝေဠုဝန်ဓမ္မရိပ်သာ၌ဇန်နဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ မဟာသတိပဋ္ဌာန်တရားစခန်း ဖွင့်လှစ်၍ ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

## ကျိုက်လတ်အထက(၁) ရွှေရတုသဘင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

၁၉၅၆ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကျိုက်လတ်မြို့ အထက(၁)၏ ရွှေရတုသဘင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ၁၉၅၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၈ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ စာရင်းထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများစာရင်းနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဆွေလီထက်(အဘ) ဦးမြတ်မင်း ရန်ကင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ရန်ကုန်က ပထမ၊ မနွေဦးမွန်(အဘ) ဦးကျော်ရှိန် အခြေခံပညာ အထက်တန်းကျောင်း ငါးသိုင်းချောင်းမြို့နယ်က ဒုတိယ၊ မသိမ့်ဝေဖြိုး(အဘ) ဦးသံဒိုင် အထက(၁)ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်က တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မောင်ဇင်ဦးမောင်(အဘ) ဦးခင်မောင်ကျော် အထက(၁) ဒဂုံမြို့နယ် ရန်ကုန်က ပထမ၊ မောင်ဇေယျာလင်း (အဘ) ဦးသိန်းထွန်း အထက(၁) ဒဂုံမြို့နယ် ရန်ကုန်က ဒုတိယ၊ မစုဇာလှိုင်(အဘ) ဦးဝင်းနိုင် အထက(၄) တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)က တတိယ၊ သင်္ချာဘာသာရပ်တွင် မသဲမိုမိုမြင့်ဦး(အဘ) ဦးမြင့်ဦး အထက(၄) အောင်မြေသာစံမြို့နယ် မန္တလေးက ပထမ၊ မကေသီလွင်(အဘ) ဦးမျိုးလွင် အထက(၂) လမ်းမတော်မြို့နယ် ရန်ကုန်က ဒုတိယ၊ မခင်သင်းစု (အဘ) ဦးဝင်းနိုင် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက က တတိယ၊ ဓာတုဗေဒ ဘာသာရပ်တွင် မဖြိုးဖြိုးမေ(အဘ) ဦးရဲဝင်း အထက(၂) ကမာရွတ်မြို့နယ် ရန်ကုန်က ပထမ၊ ရူပဗေဒဘာသာရပ်တွင်မစန္ဒာချို(အဘ) ဦးယုနိုင် အထက(၈) မော်လမြိုင် မွန်ပြည်နယ်က ပထမ၊ ဇီဝဗေဒ ဘာသာရပ်တွင် မောင်အောင်ကိုကို (အဘ) ဦးခင်းစင် အထက(၁၄) ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းက ပထမ၊ ဘောဂဗေဒ ဘာသာရပ်တွင် မောင်ဇော်ထူးလွင်(အဘ) ဦးအေးလွင် အထက(၂) ပဲခူး ပဲခူးတိုင်း(အရှေ့ပိုင်း)က ပထမ၊ ပထဝီဝင် ဘာသာရပ်တွင် မောင်ချစ်ထွေး(အဘ) ဦးကျော်ဖိုး အထက(ခွဲ) ဝဲကရင် ကရင်ပြည်နယ်က ပထမ၊ သမိုင်းဘာသာရပ်တွင် မောင်သက်အောင်ငြိမ်း(အဘ) ဦးလှထွန်း အထက ရွှေမြင်တင်ဇရာဝတီတိုင်းက ပထမ၊ စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် မောင်စိုးကျော်သူ(အဘ) ဦးဝင်းကြိုင် ပြင်ပဖြေ ဧရာဝတီတိုင်းက ပထမတို့ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာ ထူးချွန်ဆု ရရှိကြသည့် ၂၀၀၄ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသူများမှာ မဆုဇာနည်ဇော်(အဘ) ဦးသက်တင်မိုးညှင်းဒီဂရီကောလိပ်၊ မသင်းသင်းဆွေ(အဘ) ဦးကျိုးမောင် ရတနာပုံတက္ကသိုလ်၊ မဇာဇာလှိုင် (အဘ) ဦးကျော်ဇံဋ္ဌေး မိတ္ထီလာတက္ကသိုလ်၊ မသီသီအောင် (အဘ) ဦးအောင်သန်းစိုး ဒဂုံတက္ကသိုလ်တို့ ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းခံရသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၅၅၄၃၁၄ သို့ အမြန်ဆက်သွယ်သတင်းပို့ရန်ဖြစ်ပြီး ဆုရရှိသူများအား ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၁ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆု ချီးမြှင့်ပွဲ အခမ်းအနား၌ တစ်ပေါင်းတည်း ကျင်းပသွားမည် ဖြစ်သည်။

အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ဆုရ ကျောင်းသား၊ ကျောင်းသူများအတွက် တည်းခိုနေထိုင်ရေးကို အထက(၂)ဒဂုံ မြို့မကျောင်းလမ်း၌ စီစဉ်ထားသည်။ (သတင်းစဉ်)

# မင်္ဂလာပါဓာတ်ကား ဆက်လက်ပြသ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ယနေ့ တနင်္လာနေ့တွင် ပြသဆဲ မြန်မာ ဓာတ်ကားများ ဖြစ်သော မင်္ဂလာပါဓာတ်ကားနှင့် အကယ်ဒမီဆု ခုနစ်ဆုဆွတ်ခူးထားသော လျှို့ဝှက်သောနှင်းဓာတ်ကားများသာဆက်လက် ပြသနေသည်။

### မင်္ဂလာပါ

အောင်ကျော်ဇောရုပ်ရှင်ထုတ်လုပ်ရေးမှ ထူးဆွေအောင်၏ဝတ္ထုကို ဒါရိုက်တာ မီးပွားရိုက်ကူးသည့် မင်္ဂလာပါဓာတ်ကားမှာ အညာကျေးလက်ဒေသ၏ ဓလေ့စရိုက်ကို ပီပီပြင်ပြင်ပေါ်လွင်စေပြီး ကျေးလက်ဒေသနေ ကလေးငယ်များ၏ဘဝ တစ်စိတ်တစ်ပိုင်းကို ဒါရိုက်တာက ဖော်ကျူးရိုက်ကူးထားသည်။ သရုပ်ဆောင်များကလည်း အပင်ပန်းခံ သရုပ်ဆောင် ထားမှုကြောင့် ဓာတ်လမ်းဓာတ်ကွက် ထိထိမိမိဖြင့် ပရိသတ် အကြိုက်တွေ့နေသည့် ဓာတ်ကားကောင်းတစ်ကား ဖြစ်ပါသည်။

စိုင်းစိုင်းခမ်းလှိုင်၊ နေတိုး၊ မျိုးစန္ဒီကျော်၊ ဇာဂနာတို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။



**ဆက်လက်ပြသဆဲ မင်္ဂလာပါဓာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် နေတိုးတို့အား တွေ့ရစဉ်။**

### လျှို့ဝှက်သောနှင်း

စင်ရော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးသည့် လျှို့ဝှက်သောနှင်း ဓာတ်ကားမှာ ၂၀၀၄ ခုနှစ်အတွက် အကယ်ဒမီဆု ခုနစ်ဆုဆွတ်ခူးထားသည့် ဓာတ်ကားဖြစ်ပြီး ကချင်ပြည်နယ် ပူတာအိုမြို့ ဝန်းကျင်မှ မတ်စောက်သောတောင်တန်းများနှင့် ရေခဲတောင်ဒေသများအထိ စွန့်စွန့်စားစား သွားရောက်ရိုက်ကူးထားသည့် ဓာတ်ကားဖြစ်ရာ တစ်ကျော့ပြန် ပြန်လည်ပြသခြင်းဖြစ်သော်လည်း ပရိသတ်အားပေးမှု ရရှိဆဲ ဓာတ်ကားတစ်ကားဖြစ်သည်။ ရှေ့ဆောင်ရုံ တစ်ရုံတည်းတွင်ပြသနေသည်။

### နိုင်ငံခြားရုပ်ရှင်

နေပြည်တော်အဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြသဆဲ နိုင်ငံခြားဓာတ်ကားဖြစ်သည့် Four Brothers ဓာတ်ကား ဆက်လက်ပြသနေသည်။ (ကြေးမုံ)

# ဈေးကောင်းရရှိသည့် ရော်ဘာနှင့် ရေတိကောင်းကို တိုးချဲ့စိုက်ပျိုး ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြစ်ဆည်းရိုးကြက်ဆူ စိုက်ပျိုးရေးဆောင်ရွက် စီးပွားရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေး ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း ပုသိမ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ငွေဆောင်မြို့ သလပ်ခွာကျေးရွာရှိ မိသားစုရော်ဘာမျိုးသန့်ကိုင်းပွားခြံသို့ ရောက်ရှိကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြံအတွင်း၌ စိုက်ပျိုးထားသည့် ရော်ဘာမျိုးသန့်ပင်၊ ရော်ဘာလက်ခံပင်၊ ခြစ်ဆည်းရိုး ကြက်ဆူပင်မျိုးကိုင်းပျိုးထောင်ထားမှု၊ ခြစ်ဆည်းရိုးကြက်ဆူပင် အစေ့အပင်ပေါက်နှင့် မျိုးစေ့၊ မျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံ ဦးညီညီနိုင်နှင့် ဦးတင်လှိုင်တို့က လိုက်လံရှင်းလင်းပြသသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ *



# အမျိုးသားညီလာခံကြီးအောင်မြင်မှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မည် အခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာရေး ကိုယ်စားလှယ်များ စုံစုံညီညီ ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုရေးဆွဲနေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးနှင့် နိုင်ငံတော်အတွင်း နေထိုင်သော တိုင်းရင်းသားအားလုံးအတွက် အလွန်တန်ဖိုးရှိပြီး

## ကမ္ဘာ့နိုင်ငံများကပင် အတုယူရလောက်အောင် ပြည့်စုံကောင်းမွန်သည့် အခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာတော့မည်

ရန်ကုန် ဇန်နဝါရီ ၁၅

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။**

အဆိုပါ လူထုအစည်းအဝေးသို့ တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဟိုပုံး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများ၊ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ အင်းသား တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့မှ ကိုယ်စားလှယ်များနှင့် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူလူထုအင်အား ၁၅၀၀၀ ကျော်တို့က စစ်ကြောင်းငါးကြောင်းဖြင့် စုရပ်အသီးသီးမှ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ကြေးမုံ The Mirror

## ဆောင်းပါး အညွှန်း

☆ တစ်နိုင်ငံလုံးကိုလွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်နေကြတာဖြစ်လို့ မိမိတို့ရဲ့ နယ်မြေဒေသအလိုက် သင့်လျော်ကောင်းမွန်တဲ့ အကြံပြုချက်တွေကို တင်ပြခွင့်ရရှိနေမှာပဲဖြစ်တယ်။

☆ ရည်မှန်းချက်တွေအောင်မြင်ဖို့ အခုအခါမှာ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မြေယာစီမံခန့်ခွဲမှုနဲ့ စပ်လျဉ်းပြီး မူဝါဒချမှတ်ခြင်း၊ လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်ပေး နေတာ တွေ့ရပါတယ်။

☆ နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေအနက် အနာဂတ်မှာ ပြည်ထောင်စုကသာ ထိန်းသိမ်း စီမံခန့်ခွဲသွား သင့်တဲ့ ဆည်တမံတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေ ရှိမှာဖြစ်တယ်။

☆ အလားတူပဲ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ထိန်းသိမ်းစီမံခန့်ခွဲသွားရမယ့် ဆည်တမံတွေ၊ ရေကန်တွေ၊ ရေနုတ်မြောင်းတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေလည်း ရှိမှာဖြစ်တယ်။

စိုးမြကျော်၏ *"အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၈)"* (ဆောင်းပါး) (စာမျက်နှာ— ၈၊ ၉)